ဂျပန်နိုင်ငံ၏ပထမဦးဆုံး IT အထူးပြုအလုပ်ဆိုင်ရာဘွဲ့လွန်တက္ကသိုလ်

# ကျိုတိုသတင်းအချက်အလက် ဘွဲ့လွန်သင်တန်းကျောင်း

## KCGI : The Kyoto College of Graduate Studies for Informatics

ဂျပန်နိုင်ငံကျိုတိုမြို့တွင် အဆင့်မြင့် IT ပညာကို လေ့လာရအောင်



No.1 & the Only One ! 京都情報大学院大学 kcg.edu

Link to the Pioneer Spirit

kcg.edu

The Kyoto College of Graduate Studies for Informatics

京都情報大学院大学


**URL: https://www.kcg.edu/**
**E-mail: admissions@kcg.edu**

ကျောင်းဝင်ခွင့်စီစစ်ရေးဌာန၊
The Kyoto College of Graduate Studies for Informatics၊
စာတိုက်သေတ္တာအမှတ် ၆၀၆-၈၂၂၅၊ ၇၊ တနက မွန်းဇန်းချော၊ စခရောခု၊ ကျိုတိုမြို့
TEL (075) 681-6334 (+81-75-681-6334 ဂျပန်နိုင်ငံပြင်ပ)
FAX (075) 671-1382 (+81-75-671-1382 ဂျပန်နိုင်ငံပြင်ပ)



ミャンマー語 202108



# IT နယ်ပယ်တွင် အဆင့်မြင့်ကျွမ်းကျင်လုပ်သားကို ပြုစုပျိုးထောင်ရန်ရည်ရွယ်၍

ယခုနှစ်ပိုင်းတွင် သိပ္ပံနည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၊ နည်းပညာအသစ်ရှာဖွေကြံ ဆခြင်း၊ လူမှုစီးပွား အလျင်အမြန်ပြောင်းလဲလာခြင်း (အမျိုးအစားများလာခြင်း၊ ရှုပ်ထွေးများမြောင်လာခြင်း၊ အဆင့်မြင့်မားလာခြင်း၊ ဂလိုဘယ်လိုက်ဇေးရှင်း၊ IoT ခေတ်သို့ ရောက်ရှိလာခြင်း စသည်) တို့ကြောင့် လူမှုအဖွဲ့အစည်းအရသော် လည်းကောင်း၊ နိုင်ငံတကာအရသော်လည်းကောင်း IT နည်းပညာရပ်ပိုင်းတွင် ကျွမ်းကျင် လုပ်သား ပြုစုပျိုးထောင်နိုင်ရေးမျှော်လင့်ချက်သည် မြင့်မားလျက်ရှိသည်။ သို့သော် သတင်းအချက်အလက်ကဏ္ဍ၊ စီမံခန့်ခွဲမှုကဏ္ဍ စသည့် ၂ ခုထက်ပိုသည့်ကဏ္ဍ များရှိ IT နယ်ပယ်၌ပညာရှင်ပြုစုပျိုးထောင်ရေးအား၊ ယခုအချိန်အထိ IT နည်းပညာနှင့်ပတ်သတ်သည့် အဆင့်မြင့်ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရန် လိုအပ်ချက်အားဖြည့်ဆည်းပေးနိုင်သည့် တက္ကသိုလ်များ၊ ဘွဲ့လွန်ကျောင်းများမှာ မရှိသလောက်ပင်ဖြစ်ပါသည်။

ထိုအခြေအနေမှ ရင်ဆိုင်နိုင်ရန် The Kyoto College of Graduate Studies for Informatics သည် ၂၀၀၄ ခုနှစ် ၄လပိုင်းတွင်၊ ဂျပန်နိုင်ငံ၏ ပထမဆုံးဖြစ်သော တစ်ခုတည်းဖြစ်သော IT ကျွမ်းကျင် အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်အဖြစ် တည်ထောင်နိုင်ခဲ့ပါသည်။

၎င်းကျောင်းသည် ၅၇ နှစ်ကျော် သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သကဲ့သို့၊ အသုံးချလုပ်ငန်းကဏ္ဍ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးလျက်ရှိသော information processing ကျွမ်းကျင်သူများကို မွေးထုတ်ပေးနေသည့် ဂျပန်နိုင်ငံ၏ပထမဆုံး ကွန်ပျူတာသင်တန်းကျောင်း "Kyoto Computer Gakuin" ၏ ထုံးတမ်းအစဉ်အလာများနှင့် သင်ကြားမှုရလဒ်များကို အမွေဆက်ခံထားခြင်းဖြစ်သည်။ ထို့အပြင် Rochester နည်းပညာတက္ကသိုလ်နှင့် အခြားသောနိုင်ငံတကာမှ တက္ကသိုလ်များနှင့်လည်း ချိတ်ဆက်မှုများပြုလုပ်ထားရှိပြီး ကမ္ဘာ့အဆင့်မြင့် IT နည်းပညာ ရပ်ပိုင်းဆိုင်ရာသင်ရိုးညွှန်းတမ်းများအား အသုံးပြုလျက်ရှိကာ၊ ထပ်မံ၍ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနည်းပညာရပ်များကိုလည်း လေ့လာနိုင်ပြီး သာမန်တက္ကသိုလ်များတွင် လေ့လာရန်အခက်အခက်ရှိသော IT နယ်ပယ်၏ အဆင့်မြင့်ကျွမ်းကျင်လုပ်သား၊ CIO (သတင်းအချက်အလက်စုစည်းမှုတာဝန်အရှိဆုံးပုဂ္ဂိုလ်) အစရှိသည့် IT ပညာရပ်ပိုင်းဆိုင်ရာနယ်ပယ်တွင် ထိပ်တန်းဦးဆောင်သူများဖြစ်လာစေနိုင်ရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။



## တက္ကသိုလ်၏ ယုံကြည်ခံယူချက်

KCGI ကျောင်း၏ ရည်မှန်းချက်မှာ လက်ရှိ စီးပွားရေးအလေ့အထများကို ကောင်းစွာ လက်တွေ့သိရှိကာ၊ ခိုင်မာသည့် သီအိုရီ အခြေခံများနှင့် ဆန်းသစ်တီထွင်ဖန်တီးသည့် စိတ်ဓာတ်များဖြင့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး ပစ္စုပ္ပန်နှင့် အနာဂတ် မျိုးဆက်များအတွက် တာဝန်ယူနိုင်သော အရည်အသွေးမြင့် သတင်းအချက်အလက် နည်းပညာရပ် ကျွမ်းကျင်သူများကို လေ့ကျင့်ပေးရန်ဖြစ်သည်။

## KCGI ၏ လုပ်ငန်းတာဝန်နှင့် ရည်ရွယ်ချက်

သမရိုးကျထက် ကျော်လွန်သည့် ထက်မြက်သော အသိပညာနှင့် အထူး ကျွမ်းကျင်မှုများ ပိုင်ဆိုင်ကာ နေရာအနှံ့ တွက်ချက်မှု လွှမ်းမိုးနေသည့် ယနေ့ခေတ်တွင် နိုင်ငံတကာအမြင်လည်းရှိသော အဆင့်မြင့် အိုင်တီ ပညာရှင်များ မွေးထုတ်ပေးခြင်းအားဖြင့် ယနေ့ အိုင်တီ လူ့အဖွဲ့အစည်း၏ အရည်အသွေးမြင့် အမျိုးစုံလင်သော လူသားရင်းမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းရန်၊ အဆင့်မြင့် သတင်းအချက်အလက် လူ့အဖွဲ့အစည်းနှင့် စီးပွားရေးတိုးတက်မှုများ အောင်မြင်ရရှိရေးကို ပါဝင်ကူညီရန်

ကျောင်း၏ ရည်ရွယ်ချက်မှာ အဆင့်မြင့် ကျွမ်းကျင်သူများကို လေ့ကျင့်ပေးရာတွင် သတင်းအချက်အလက်နည်းပညာ၊ ယင်းနှင့် ဆက်နွယ်သော နည်းပညာတိုးတက်မှုများနှင့် ၎င်းတို့အား အသားကျစေပြီး သိပ္ပံ၊ နည်းပညာ၊ စီးပွားရေးနှင့် ဆက်နွယ်သော ပညာရပ်နယ်ပယ်များရှိ သီအိုရီနှင့် လက်တွေ့ပညာတို့ ဖြည့်ဆည်းပေးနိုင်ရန် ဖြစ်သည်။

**kcg.edu**
The Kyoto College of Graduate Studies for Informatics

## ဝင်ခွင့် မူဝါဒများ

IT/ICT လုပ်ငန်းသည် သတင်းအချက်အလက်နည်းပညာ၊ စီမံခန့်ခွဲမှုနည်းပညာတို့နှင့် ဆက်နွယ်သော ပညာရပ်များ ပေါင်းစပ်ထားပြီး ယင်း၏ ဦးတည်ရည်မှန်းချက်များမှာ ရှုပ်ထွေးကျယ်ပြန့်သည်။ ထို့ကြောင့် IT လုပ်ငန်း၏ အလားအလာကောင်းသော အရည်အချင်းရှိသူများ လိုအပ်ချက်သည် ယခင်ကထက်ပင် ပိုမိုကြီးမားကျယ်ပြန့်လာလျက် ရှိသည်။ အင်ဂျင်နီယာနှင့် ဆက်နွယ်သည့် သုတေသန ဘွဲ့လွန်ကျောင်းများရှိ အင်ဂျင်နီယာဘွဲ့ကြိုများ မွေးထုတ်ရေးကို လုံးလုံးလျားလျား မှီခိုနေရသဖြင့် ယနေ့အချိန်တွင် ဂျပန် စက်မှုလုပ်ငန်း၏ မျိုးစုံသော အရည်အသွေး လိုအပ်ချက်ကို လက်ရှိ ဂျပန် ပညာရေးစနစ်က ကျေနပ်အောင် ဖြည့်ဆည်းပေးနိုင်စွမ်း မရှိခဲ့ပေ။ အနာဂတ်တွင် ဂျပန် စက်မှုလုပ်ငန်းနှင့် စီးပွားရေး ဆက်လက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးစုံသော ပညာရေးနောက်ခံ အခြေခံရှိသူများအား IT/ICT ကဏ္ဍရှိ အထူး အဆင့်မြင့် ပညာရှင်များဖြစ်လာအောင် နည်းလမ်းအားလုံးဖြင့် လေ့ကျင့်ပေးရန် အရေးကြီးလျက် ရှိပါသည်။

အဆိုပါ အမြင်များဖြင့် KCGI ကျောင်းသည် ယခင်သင်ကြားခဲ့ဖူးသည့် ပညာ အရည်အချင်းဘွဲ့ နောက်ခံများကို မသတ်မှတ်ဘဲ တတ်နိုင်သမျှ နယ်ပယ် အစုံမှ ကျောင်းသားများကို လက်ခံနိုင်ရန် မူဝါဒချမှတ်ထားသည်။

၁) ကျောင်းရှိ အထူးပြုဘာသာရပ်ကို လေ့လာနိုင်စွမ်းရှိသည့် အခြေခံ ပညာရေးရှိသူများ
၂) အသစ်အဆန်းကို သင်ယူ၊ တွေးခေါ်လိုသူများ၊ လက်ရှိ အယူအဆများအတွင်း ပိတ်မိမနေဘဲ အသစ်အဆန်းတစ်ခုခု ဖန်တီးလိုသူများ နှင့်
၃) မိမိ အနီးရှိ တခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြောဆိုဆက်ဆံမှုများမှတစ်ဆင့် ပြဿနာ ဖြေရှင်းလိုသူများ။

# KCGI သင်ကြားရေး

The Kyoto College of Graduate Studies for Informatics

ကျိုတိုသတင်းအချက်အလက် ဘွဲ့လွန်သင်တန်းကျောင်း




ဥက္ကဌနှင့် ပါမောက္ခ၊

Kyoto Joho Gakuen

## ဝတရု ဟာဆဲဂဝ 長谷川 亘

**Wataru Hasegawa**


ဝဆဲဒတက္ကသိုလ် ဝိဇ္ဇာဘွဲ့

ပညာရေး မဟာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့
ကိုလံဘီယာတက္ကသိုလ်၊ ယူအက်စ်အေ

Kyoto Information Industry Association ၏ဥက္ကဌ။

All Nippon Information Industry Association Federation ၏ အမှုဆောင်ဒါရိုက်တာ၊ ဥက္ကဌ

Japan Federation of IT Associations ကိုယ်စားလှယ်ဒါရိုက်တာ၊ ပထမအဆင့်ဒုတိယဥက္ကဌ။

ထိုင်းနိုင်ငံ ပညာရေး ဒုတိယဝန်ကြီး၏ ဆု (နှစ်ကြိမ်) ဆွတ်ခူးခဲ့

ဂါနာနိုင်ငံ ပညာရေးဝန်ကြီး၏ ဆု

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်၊ ပညာရေးစီမံခန့်ခွဲသူအဖြစ် အရည်အချင်း ပြည့်မီ

Tianjin နည်းပညာတက္ကသိုလ် ဧည့်ပါမောက္ခ။

ကိုရီယားကုန်းမြေနှင့်ပင်လယ်ရေးရာဌာန၊ ဂျယ်ဂျူနိုင်ငံတကာမြို့ပြဖွံ့ဖြိုးတိုးတက်မှု စင်တာ၊ မူဝါဒဆိုင်ရာအကြံပြုကော်မတီ။

သင်တန်းများ - ဦးစီးဦးဆောင်မှုသီအိုရီ၊ ဘွဲ့လွန် ပရောဂျက်

The kyoto College of Graduate Studies for Informatics (KCGI) သည် ဂျပန်နိုင်ငံ၏ ပထမဆုံး IT ကျွမ်းကျင် အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်ဖြစ်သည်။ ၎င်း၏မိခင်ကျောင်းမှာ ဂျပန်၏ ပထမဆုံး ကွန်ပျူတာ သင်တန်းကျောင်းဖြစ်သော၊ Kyoto Computer Gakuin (KCG) ဖြစ်သည်။ KCG ၏ တည်ထောင် သူ ဟာဆဲဂဝ ရှိဂဲအို နှင့် ဟာဆဲဂဝ ရဆုခိ တို့သည် ရှေ့ရေးကိုကြိုတွေးကာ ကိုယ်ပိုင်ကျူရှင်ဖွင့်ခဲ့ရာမှ အစပြုခဲ့ပြီး ၁၉၆၃ခုနှစ်တည်ထောင်ချိန်မှစတင်ကာ နှစ်ပေါင်း ၅၅ နှစ်ကျော် ကွန်ပျူတာရပ်ပိုင်းဆိုင်ရာ သင်ကြားမှုကိုပြုလုပ်ခဲ့သည်။ ထိုကာလအတွင်း အထက်တန်းကျောင်းသူကျောင်းသားများ သာမက ၄နှစ်တာတက္ကသိုလ်မှဘွဲ့ရပြီးသူ များလည်း တက်ရောက်သင်ကြားလေ့လာ ဆည်းပူးခဲ့ကြသည်။ ထိုအချိန်တွင် ဂျပန်နိုင်ငံ၏ ပညာရေးမှာ သုတေသနလုပ်ငန်းကိုသာ အဓိကထားသော ဘွဲ့လွန်တက္ကသိုလ်များသာ ရှိခဲ့ပြီး၊ ထိုတက္ကသိုလ်များမှ ဘွဲ့ရရှိသူများသည် လက်တွေ့လုပ်ငန်းတွင် အသုံးတည့်စေမည့် အဆင့်မြင့်ပညာရပ်များကို ရှာဖွေရန်အတွက် KCG ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

KCG သည် အထူးလေ့ကျင့်သင်ကြားပေးသည့်စနစ်အောက်ရှိ ကျောင်းဖြစ်သော်ငြား၊ လူ့အဖွဲ့အစည်းအရဆိုရသော် တက္ကသိုလ်ဘွဲ့ရများအတွက် ပညာထပ်မံရှာဖွေရာ နေရာ ဖြစ်ခဲ့ပြီး တစ်နည်းဆိုရသော် လုပ်ငန်းခွင် လက်တွေ့လုပ်ဆောင်နိုင်ရန်အတွက် ဘွဲ့လွန်ကျောင်း တစ်ကျောင်းအဖြစ် တာဝန် ထမ်းဆောင်လာခဲ့သည်ဟု ဆိုနိုင်သည်။

ထိုအကြောင်းအရာများကို အရင်းခံ၍ KCG သည် ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် အမေရိကန် နိုင်ငံ Rochester တက္ကသိုလ်ဘွဲ့လွန် (IT အထူးပြု၊ ကွန်ပျူတာ၊ သိပ္ပံအထူးပြု၊ တခြား) နှင့် ပူးပေါင်းကာတူညီသော သင်ရိုးညွှန်းတမ်းများဖြင့် လက်တွေ့သင်ကြားပြသပေးသည့် Professional School ဘွဲ့လွန်သင်ရိုးညွှန်းတမ်းများကို စီစဉ်ထားရှိခဲ့သည်။ ထိုကဲ့သို့ အမေရိကန်တက္ကသိုလ်နှင့်ပူးပေါင်းပြီး သင်ရိုးညွှန်းတမ်း ပြင်ဆင်ထားရှိခြင်းသည် ဂျပန် နိုင်ငံ အတွက် ပထမဆုံးဖြစ်သလို ခေတ်အမီဆုံးဖြစ်ခဲ့သည်။ အထက်ပါပုဂ္ဂိုလ်များကဲ့သို့ Kyoto Computer Gakuin (KCG) မှ အောင်မြင်သော ပုဂ္ဂိုလ်များသည် ပညာရှင်ဘွဲ့လွန်တက္ကသိုလ် စနစ်သစ် တစ်ခုအောက်တွင် IT အထူးပြု ပညာရေးအဖွဲ့အစည်းကို တည်ထောင်နိုင်မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ ကျိုတို သတင်းအချက်အလက် ဘွဲ့လွန်သင်တန်းကျောင်း (KCGI) ကို ဘဏ္ဍာရေးနှင့် ပညာရေးနယ်ပယ်မှ သက်ဆိုင်ရာအဖွဲ့များ၏ ထောက်ပံ့ကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် တည်ထောင်ခဲ့သည်။ ပညာရေးအဖွဲ့များတွင် Rochester Institute of Technology နှင့် Columbia University တို့ပါဝင်သည်။ ဤစနစ်သစ်ကို စတင်ကျင့်သုံးသည့် ပထမနှစ်ဖြစ်သော ၂၀၀၄ ခုနှစ်၊ ဧပြီလတွင် KCGI ကို ဂျပန်နိုင်ငံ၏ ပထမဆုံးနှင့် တစ်ခုတည်းသော IT ပညာရှင် ဘွဲ့လွန်ကျောင်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့သည်။

KCGI ကို တည်ထောင်သည့် အယူအဆမှာ "လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပြီး ပစ္စုပ္ပန်ခေတ်ကို အထောက်အကူပြုကာ အနာဂတ်မျိုးဆက်သို့ ဆက်လက်ဦးဆောင် ခေါ်ဆောင်သွားမည့် ဖန်တီးနိုင်စွမ်းနှင့် အဆင့်မြင့် လက်တွေ့အရည်အချင်းများ ပိုင်ဆိုင်ထားသော အသုံးချ သတင်းအချက်အလက် နည်းပညာ အထူးကျွမ်းကျင်သူများ မွေးထုတ်ပေးရန်" ဖြစ်သည်။ IT ပညာနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပညာကို ပေါင်းစပ်လျက် KCGI သည် အင်ဂျင်နီယာများ၊ အထူးသဖြင့် တွက်ချက်မှု စက်ပစ္စည်းအသင်း (ACM) ၏ သတင်းအချက်အလက်စနစ် မဟာသင်တန်း၏ ပြုပြင်ပြီး သင်ရိုးညွှန်းတမ်းကို အခြေခံလျက် ဝဘ်စီးပွားရေးလုပ်ငန်းဘာသာရပ် (e-business) အထူးပြု စီအိုင်အို (CIOs) များကို မွေးထုတ်မည့် အစီအစဉ်တစ်ခုကို ဖန်တီးခဲ့သည်။

KCGI ၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်မှာ အထူးကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားပြီး အဆင့်မြင့် တတ်ကျွမ်းသလို နိုင်ငံတကာ အမြင်ရှိသော ပညာရှင်များ မွေးထုတ်ရေးကို အားပေးကူညီရန် ဖြစ်သည်။ ဤအားထုတ်မှုများသည် စီးပွားရေးတိုးတက်မှုနှင့် အဆင့်မြင့် IT လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေးကို အထောက်အကူပြုပြီး IT နှင့် ဆက်နွယ်နည်းပညာများ အကျွမ်းတဝင်ရှိမှုကို အားကောင်းစေကာ သိပ္ပံ၊ နည်းပညာ၊ စီးပွားရေးစီမံမှုတို့နှင့် သက်ဆိုင်သော ပညာရပ်များတွင် သီအိုရီနှင့် လက်တွေ့နည်းပညာအပိုင်းများ တိုးတက်စေမည်ဟု ကျောင်းက ယုံကြည်သည်။ ထို့အပြင် ယင်းအောင်မြင်မှုများက တဖန် ကျွမ်းကျင်မှုမြင့်မားသည့် ပညာရှင်များဖြင့် အနာဂတ်မျိုးဆက်များ ပေါ်ထွန်းရေးဆီ ဦးတည်မည်ဟုလည်း KCGI က ယုံကြည်ပါသည်။

KCGI မတည်ထောင်မီကာလတွင် ဂျပန်နိုင်ငံ၌ ဘွဲ့ကြိုနှင့် ဘွဲ့လွန်အဆင့် ဝဘ် စီးပွားရေးလုပ်ငန်း (e-business) အထူးပြုဘာသာရပ် သင်ကြားမှု လုံးဝ မရှိခဲ့ပေ။ အဆိုပါ ဘာသာရပ်မှာ စီးပွားရေး စီမံခန့်ခွဲမှု၊ စက်မှု အင်ဂျင်နီယာနည်းပညာ၊ သတင်းအချက်အလက်အထူးပြု ဘာသာစသည့် သမရိုးကျ အထူးပြုဘာသာရပ်များတွင် ထည့်သွင်းသင်ကြားရသည့် ဘာသာခွဲတစ်ခုအဆင့် အဖြစ်သာ ရပ်တည်ခဲ့သည်။ အဆိုပါ ဘာသာရပ်သင်ကြားမှုများမှာ သုတေသနအဆင့်နှင့် အခြားအထူးပြုဘာသာရပ် သို့မဟုတ် အဓိကနယ်ပယ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာ သင်ကြားကြရခြင်းဖြစ်သည်။

IT ဘွဲ့လွန် တက္ကသိုလ်တစ်ခုအဖြစ်ထက် ပိုမိုသည့် KCGI ၏ သာလွန်ထူးခြားချက်မှာ ခေါင်းဆောင်မှု စွမ်းရည်များ မွေးမြူပေးမှုကို အလေးပေးသည့် ကမ္ဘာ့အဆင့်အတန်းမီ တက္ကသိုလ်တစ်ခုဖြစ်စေရန် ရည်မှန်းထားခြင်း ဖြစ်သည်။ တက္ကသိုလ်အများအပြားနှင့် မတူညီသည့် အချက်မှာ KCGI သည် အထက်အောက် နယ်ပယ်တစ်ခုတည်း ခွဲခြားထားသော ကွန်ပျူတာ ဘွဲ့လွန် တက္ကသိုလ် မဟုတ်သလို သတင်းအချက်အလက်နှင့် သချာၤဘွဲ့လွန်တက္ကသိုလ်တစ်ခုမျှသာလည်း မဟုတ်ပေ။ အဆိုပါ တက္ကသိုလ်များနှင့် KCGI အကြား တူညီသည့် အချက်များစွာ ရှိလင့်ကစား အမှန်စင်စစ်အားဖြင့်မူ KCGI သည် ယင်းတို့နှင့် မတူကွဲပြားသည့် ဘွဲ့လွန် တက္ကသိုလ်တစ်ခု ဖြစ်သည်။

သင်ရိုးညွှန်းတမ်း ဒီဇိုင်းများနှင့် သင်ကြားနည်းရှုထောင့် အခြေခံ အကြံပေး ဆရာ စနစ်တို့အပြင် KCGI သည် ဂျပန် တက္ကသိုလ်များတွင် တွေ့ရခဲသည့် အစိတ်အပိုင်းများနှင့် မူဝါဒမျိုးစုံ ပေါင်းစပ်ထားသည့် ဘက်စုံပညာရေး စနစ်တစ်ခု ပေးနိုင်ရန် ရည်ရွယ်သည်။ အဆိုပါစနစ်အစိတ်အပိုင်းများတွင် သင်တန်းသား ဗဟိုပြုသော သင်ကြားမှု ဒီဇိုင်း၊ ပွင့်လင်းပြီး ရေပြင်ညီအလိုက် အလုပ်အကိုင် ခွဲခြားမှုပါသော ပညာရေးစနစ်နှင့် သင်ယူမှု ရလဒ်များကို ပုံမှန် အကဲဖြတ်မှု စသည်တို့ ပါဝင်သည်။

ထို့အပြင် KCGI သည် IT နှင့် စီမံခန့်ခွဲမှု စွမ်းရည်များပြည့်ဝသော နိုင်ငံတကာ ခေါင်းဆောင်များ၊ စီးပွားရေး လုပ်ငန်းရှင်များအား မွေးထုတ်ပြီး အဆိုပါ ပုဂ္ဂိုလ်များမှတစ်ဆင့် ၎င်းတို့၏ စွမ်းရည်များကို အာရှနှင့် ကမ္ဘာတစ်လွှား အသုံးချနိုင်ရေးကိုလည်း အလေးပေးသည်။ ကျောင်းတည်ထောင်စဉ်ကတည်းက မျှော်မှန်းခဲ့သော အာရှတွင် နံပါတ်တစ် IT ပညာရှင် တက္ကသိုလ်ဖြစ်ရေးဟူသော ရည်မှန်းချက်၏ တစ်စိတ်တစ်ဒေသအဖြစ် KCGI သည် ကမ္ဘာတစ်လွှားမှ ကျောင်းသားများကို တက်ကြွစွာ လက်ခံလျက်ရှိသည်။

ယနေ့ အချိန်အခါတွင် IT သည် လူတို့၏ နေ့စဉ်ဘဝနှင့် အလုပ်ဌာနတို့တွင် မရှိမဖြစ် အရေးပါလာခဲ့ပြီ ဖြစ်သည်။ ဆက်နွယ်သည့် နယ်ပယ်အများအပြားသို့ ပေါင်းစပ်ဝင်ရောက်လာသော IT ပညာရပ်သည် လူ့အဖွဲ့အစည်း လိုအပ်ချက် အမျိုးအစား စုံစုံလင်လင် ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်ဆောင်ရွက်လာရသည်။ ဘွဲ့ရများအတွက် ၎င်းတို့ရွေးချယ်သည့် နယ်ပယ်၌ အလွန်အရေးပါသော IT အခြေခံပညာများ သင်ကြားပို့ချပေးနိုင်ရန်၊ လက်တွေ့လုပ်ငန်းခွင်၌ အသုံးချနိုင်မည့် ကျွမ်းကျင်မှုများ ရှိလာစေရန် KCGI သည် မိမိ၏ သင်ရိုးညွှန်းတမ်းကို အစဉ် ပြုပြင် မွမ်းမံလျက် ရှိသည်။

၂၀၁၈ ပညာသင်နှစ်တွင် KCGI သည် သင်တန်းသားစာရင်းသွင်းမှု မိုဒယ် ၃ ခုဖြင့် ဆောင်ရွက်ခဲ့သည်။ အဓိက အထူးပြုဘာသာရပ်တွင် ကျောင်းသားများအား သက်ဆိုင်ရာ နယ်ပယ်၌ အခြေခံမှသည် အသုံးချ နည်းစနစ်များအထိ ကျွမ်းကျင်မှု အသိပညာများကို သင်ကြားပေးသည်။ အသုံးချနယ်ပယ်အလိုက် သင်တန်းများတွင် IT အသုံးပြုသည့် လုပ်ငန်းနယ်ပယ်တစ်ခုစီအတွက် ထိရောက်သော စီမံမှုနှင့် ဒီဇိုင်းရေးဆွဲမှု စွမ်းရည်များကို ပို့ချပေးသည်။ နောက်ဆုံးတွင် ကျောင်းသားများ၏ အမျိုးစုံ ကွဲပြားသော လေ့လာမှု ရည်မှန်းချက်များအတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် မိမိစိတ်တိုင်းကျ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်သည့် မိုဒယ်ဖြင့် ဆောင်ရွက်ခဲ့သည်။ KCGI ၌ သင်ယူရရှိခဲ့သော လက်တွေ့ကျွမ်းကျင်မှုနှင့် အမြင်ကျယ်မှုများဖြင့် ကျောင်း၏ ဘွဲ့ရများသည် ဂျပန်နိုင်ငံနှင့် ကမ္ဘာတစ်လွှား နယ်ပယ်အများအပြားတွင် အရေးပါသော အခန်းကဏ္ဍများ၌ ပါဝင်လုပ်ကိုင်လျက်ရှိသည်။

KCGI သည် ဆာပိုရိုနှင့် တိုကျိုတွင် အဝေးကျောင်းပရဝဏ်များလည်း ဖွင့်ထားသည်။ အဆိုပါ အဝေး ကျောင်းပရဝဏ်များအား ကျိုတိုရှိ ပင်မ ကျောင်းနှင့် e-learning စနစ်မှတစ်ဆင့် ချိတ်ဆက်ကာ အဝေးကျောင်း၌ သင်ကြားနေစဉ်၌ပင် ပင်မကျောင်းမှ အဆင့်မြင့် IT ပညာရပ်များကို ကျောင်းသားများအား သင်ကြားခွင့် ရရှိစေသည်။ သင်တန်းများကို အချိန်နှင့် တစ်ပြေးညီ ပို့ချကာ ကျောင်းသားများက ပါမောက္ခများကို ကင်မရာမှ တစ်ဆင့် မေးခွန်းများ တိုက်ရိုက်မေးကြသည်။ အဆိုပါ သင်တန်းပို့ချချက်များကို ရုပ်သံ ဖမ်းယူထားပြီး ကျောင်းသားများမှာ ၎င်းတို့ အိမ်မှနေ၍ ကျောင်း၏ ဆာဗာပေါ်မှ ဖိုင်များကို ပြန်လည် ကြည့်ရှုနိုင်သည်။ အချိန်နှင့် နေရာ ကန့်သတ်ချက်များကို ကျော်လွှားလျက် ကျောင်းသားများသည် မည်သည့်အချိန်၊ မည်သည့်နေရာ၌မဆို အဆင့်မြင့် ခေတ်မီပညာရပ်များကို သင်ကြားရရှိနိုင်ကြသည်။ ထို့အပြင် KCGI သည် အမေရိကန်၊ တရုတ်၊ တောင်ကိုရီးယားအပါအဝင် ကမ္ဘာတစ်လွှား အဆင့်မြင့် ပညာရေးအဖွဲ့အစည်းများနှင့် ခိုင်မာသော ကွန်ယက်ကို ချိတ်ဆက်ထားရှိသည်။ ယင်း အပြည်ပြည်ဆိုင်ရာ ပညာရေးကွန်ယက်ကို ဆက်လက် ချဲ့ထွင်ရင်း KCGI သည် မိမိ၏ ပညာရေး လုပ်ဆောင်ချက်များကို တိုးတက်အောင် တက်ကြွစွာ ကြိုးပမ်းလျက်ရှိပါသည်။

ယနေ့ကမ္ဘာတွင် ပေါ်ထွက်လာနေသည့် ခက်ခဲကြမ်းတမ်းသော အပြောင်းအလဲများကြားတွင် KCGI သည် စတင်တည်ထောင်စဉ်ကတည်းက ယုံကြည်ခံယူချက်၊ အဓိက ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ၏ လမ်းညွှန်မှုဖြင့် အဆင့်မြင့် IT ပညာရှင်များ မွေးထုတ်ပေးရန် အပတ်တကုတ် ကြိုးပမ်း အားထုတ်လျက် ရှိပါသည်။ သင်တို့ကဲ့သို့ ရည်မှန်းချက်ကြီးမားသော ကျောင်းသားများ ဝင်ရောက်လာမှုကို ကျွန်တော် စိတ်အားထက်သန်စွာ စောင့်မျှော်လျက် ရှိပါသည်။

The Kyoto College of Graduate Studies for Informatics

# ခေတ်ကာလ ပြောင်းလဲမှုအချိုးအကွေ့

ကျောင်းအုပ်၏ မိတ်ဆက်



ဥက္ကဋ္ဌနှင့် ဌာနမှူး၊ အသုံးချ သတင်းအချက်အလက် နည်းပညာဌာန
ကျိုတိုသတင်းအချက်အလက် ဘွဲ့လွန်သင်တန်းကျောင်း

## တိုရှိဟိဒဲ အိဘာရခ 茨木 俊秀 Toshihide Ibaraki

ကျိုတိုတက္ကသိုလ်အင်ဂျင်နီယာဘွဲ့ရ၊
အင်ဂျင်နီယာပါရဂူ ဘွဲ့ (Electronic Engineering အထူးပြု)၊
ကျိုတိုတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ၊
ကျိုတို သတင်းအချက်အလက် ဘွဲ့လွန်သင်တန်း ကျောင်းအုပ်ဟောင်း၊
Kwansei Gakuin University ပါမောက္ခဟောင်း၊
အီလီနွိုက်စ်နှင့် အခြားတက္ကသိုလ်များ၏ ဧည့်ပါမောက္ခနှင့် ပါမောက္ခဟောင်း၊
ACM Information Processing Society of Japan၊ ဂျပန်နိုင်ငံလက်တွေ့အသုံးချ သင်္ချာဘာသာရပ်ဆိုင်ရာ အဖွဲ့အစည်း၏ အထူးအဖွဲ့ဝင်
သင်တန်းများ- "Advanced Topics in Systems Theory" ဘွဲ့လွန် ပရောဂျက်

၁၈ရာစုနှောင်းပိုင်းမှ ၁၉ရာစုအထိ ထုတ်လုပ်မှုကဏ္ဍတိုးတက်ပြောင်းလဲခဲ့ရခြင်း အကြောင်းရင်းမှာစွမ်းအင်အသစ် ဖြစ်သော ရေနွေးငွေ့ဖြင့်ဖန်တီးထားသည့်ကိရိယာ ဖြစ်သည်။ ထုတ်လုပ်နိုင်မှုစွမ်းအားသည် ထိုနောက်တွင် လျှပ်စစ်နှင့် ရေနံကိုဗဟိုပြုပြီး မြန်ဆန်လာရာ ၂၀ရာစုနှောင်းပိုင်းရောက်သောအခါ လူသားများလိုအပ်သောပမာဏထက် သာလွန်ပြီး ထုတ်လုပ်လာနိုင်ခဲ့သည်။ အကျိုးဆက်အဖြစ် "ပမာဏမှအရည်အသွေးသို့ပြောင်းလဲခြင်း" ဖြစ်ပေါ်ခဲ့ပြီး ယခုအချိန် အထိ ပမာဏများမြောင်းခဲ့ပစ္စည်းများသည် ခေတ်နောက်ကျခြင်းအဖြစ်သို့ ရောက်ရှိကာ ပမာဏနည်းနဲဖြင့် အရည်အသွေးကောင်းသော ခေတ်သို့ ကူးပြောင်း ရောက်ရှိခဲ့သည်။ ထိုကြောင့် ကမ္ဘာ့ထုတ်လုပ်မှုကဏ္ဍသည် ပြောင်းလဲမှုကြီးဖြစ်ပေါ်ကာ လူ့အဖွဲ့အစည်း တည်ဆောက်မှုအသစ်မွေးဖွားလာခဲ့သည်။

အလားတူပင် သတင်းအချက်အလက်နယ်ပယ်တွင်လည်း ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့သည်။ အရှိန်အဟုန် လျင်မြန်စွာဖြစ်ပေါ်ခဲ့သည်။ ကွန်ပျူတာတီထွင်ပြီး နှစ်ပေါင်း ၇၀ခန့်သာ ရှိသေးသော်လည်း ၎င်း၏တိုးတက်မှုမှာ လျင်မြန်လွန်းလှပြီး တွက်ချက်မှုမြန်ဆန်မှုနှင့် မှတ်သားမှုစွမ်းရည် နှစ်ဖက်စလုံးတွင် ယှဉ်နိုင်ဖွယ်မရှိလောက်အောင် ဖြစ်ခဲ့သည်။ လေထုပြောင်းလဲမှုမှာ လက်တွေ့လေထု၏ပြောင်းလဲမှုအခြေအနေကိုလိုက်ပြီး လျင်မြန်စွာ ဖြေရှင်းနိုင်ခဲ့ခြင်းမှ ကိန်းကဏန်းဖြင့်မိုးလေဝသ ခန့်မှန်းမှုအဖြစ်အသွင်ပြောင်းသွားခဲ့သည်။ အသံကိုခွဲခြားခြင်းနှင့် မှတ်သားမှုပိုင်းတွင်လည်း လူနှင့်ထပ်တူ မြန်ဆန်စွာဆောင်ရွက်လာ နိုင်ခဲ့သည်။ ဥပမာ ကမ္ဘာအနှံ့မှ စာအုပ်များကို ဒီဂျစ်တယ်ဒေတာအဖြစ် မှတ်သားထားနိုင်သည်။ လူသားမှတစ်သက်လုံး မျက်စိနှင့်နား အသုံးပြုရသော ဒေတာများကိုအားလုံး မှတ်သားထားနိုင်လာသည်။ ဤကဲ့သို့ သတင်းအချက်အလက်၏စွမ်းအင်သည် ကျွန်ုပ်တို့၏ နေထိုင်မှုနှင့် ယဉ်ကျေးမှု အရည်အသွေးကို ပြောင်းလဲမှုတွင် လုံလောက်သော အဆင့်တစ်ခုသို့ ရောက်ရှိလာသည်မှာ အမှန်ပင်ဖြစ်သည်။

လက်တွေ့ အရည်အသွေးပိုင်းဆိုင်ရာ လက္ခဏာများသည် ၂၁ရာစုအတွင်း ပိုမိုသိသာထင် ရှားလာသည်ဟုခံစားမိပါသည်။ အဆင်ပြေသော လုပ်ဆောင်မှုများနှင့် အရွယ်အစားပမာ ဏများကိုသေးငယ်အောင် ပြုလုပ်လာနိုင်ခြင်းဖြင့် လက်ကိုင်ဖုန်းနှင့် စမတ်ဖုန်းများသည် လူတိုင်း၏ အိပ်ကပ်ထဲတွင်နေရာယူလာခဲ့ကြသည်။ အထူးသဖြင့် လူငယ်တို့၏ နေ့စဉ်ဘဝ ပုံစံ ပြောင်းလဲလာခဲ့သည်။ အင်တာနက်ဆက်သွယ်မှု အလင်းတန်းဖိုက်ဘာဖြင့် စာလုံးသာ မက ဓါတ်ပုံ၊ ဗွီဒီယိုများဒေတာများကိုလည်း တခဏအတွင်း၌ပင် အပေးအယူ ပြုလုပ်လာနိုင်သည်။ အခြေခံအဆောက်အဦးအဖြစ် သတင်းအချက်အလက်ဆက်သွယ် မှုနည်းပညာ (ICT) သည် ကမ္ဘာတစ်ဝှမ်းလူသားများကို ချည်ပတ်ရစ်နှောင် ဆက်သွယ် ခြင်းဖြင့် ကမ္ဘာပေါ်ရှိ ငွေကြေး၊ စီးပွားရေး များ ကမ္ဘာအနှံ့ချိတ်ဆက်မှုရှိလာပြီး နိုင်ငံနှင့် လူ့အဖွဲ့အစည်း၏ရပ်တည်မှုပေါ်တွင် ကြီးမားသောအကျိုးသက်ရောက်မှုများ ရှိလာပြီဖြစ်သည်။ သို့သော် ထိုပြောင်းလဲမှုသည် ကောင်းမွန်သောအချက်များဖြင့် ပြည့်နှက်နေသည်ဟုမဆိုသာ။ ကွန်ပျူတာဖြင့် ပြစ်မှုကျူးလွန်ခြင်းများကို လျစ်လျူရှု၍ မဖြစ်။ ထို့ကြောင့် လက်ရှိပြောင်းလဲမှုကို ပိုပိုသာသာပြောရမှာမူ လူသားများ၏အနာဂတ် ပြောင်းလဲလာသောအချိုးအကွေ့ ရောက်ရှိလာသည်ဟု ဆိုနိုင်ပေမည်။

မိမိတို့တက္ကသိုလ်၏ မိခင်တက္ကသိုလ် ကျိုတိုကွန်ပျူတာဘွဲ့လွန်တက္ကသိုလ် ကိုတည် ထောင်ခဲ့ ချိန်မှာ ၁၉၆၃ခုနှစ်ဖြစ်ပြီး ကွန်ပျူတာပေါ်ပြီးကာစ ဖြစ်ခဲ့သည်။ ဂျပန်နိုင်ငံ၏ ပထမဆုံး ကွန်ပျူတာသင်ကြားရေးဌာနအဖြစ် ကွန်ပျူတာနှင့်အတူတိုးတက်ခဲ့ပြီး ရည်ရယ် ချက်ရှိသော လူ့အရင်းအမြစ်များစွာကို မွေးထုတ်နိုင်ခဲ့သည်။ ထိုအစဉ်အလာနှင့် အကျိုးရလဒ်ကောင်းများကို လက်ဆင့်ခံကာ ဂျပန်နိုင်ငံ၏ ပထမဆုံး အသက်မွေးဝမ်း ကျောင်းပညာဘွဲ့လွန်ဖြစ်သည့် ကျိုတိုသတင်းအချက်အလက်ဆိုင်ရာဘွဲ့လွန်တက္ကသိုလ် ကို ဖွဲ့စည်းပြီး ၂၀၀၃ခုနှစ် ၁၁လပိုင်းတွင် ကျောင်းဖွင့်ခြင်းကိုကြေညာခဲ့ကာ ၂၀၀၄ခုနှစ် ၄လပိုင်းတွင် ပထမဆုံးကျောင်းသားများကို လက်ခံသင်ကြားပေးခဲ့သည်။ အချိန်ကာလ ပြောင်းလဲမှုအချိုးအကွေ့တွင် ကောင်းမွန်စွာလျှောက်လှမ်းလာခဲ့သည်။ မိမိတို့တက္ကသိုလ်သည် သတင်းအချက်အလက်ဆိုင်ရာနည်းပညာများကို သုတေသနများ ဆက်လက်လုပ်ဆောင်ကာ လူ့အဖွဲ့အစည်းသို့အကျိုးသက်ရောက်မှုများကို ကောင်းမွန် စွာနားလည်သဘောပေါက်ပြီး မှန်ကန်သောဦးတည်ရာသို့ လမ်းညွှန်ပေးသွားနိုင်ရန် ရည်ရွယ်သည်။ ဆန္ဒရှိပါက အသက်အရွယ်၊ ပညာအရည်အချင်း၊ နိုင်ငံသား၊ ဂိုဏ္ဍာသိပ္ပံ ခွဲခြားခြင်းမရှိ တံခါးဖွင့်ကြိုဆိုလျက်ရှိသည်။ တက္ကသိုလ်ပြီးမြောက်ထားသူ၊ လက်တွေ့ လူ့အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေသူများ မိမိတို့၏ အသက်မွေးဝမ်းကျောင်း အလုပ် တိုးမြှင့်ဖို့ကို ရည်ရွယ်သူ မည်သူမဆို နိုင်ငံရပ်ခြားတွင်ရှိနေပြီး ဂျပန်နိုင်ငံ၌ ပညာသင်ကြားမှုကိုစိတ်ဝင်စားပါက မိမိတို့တက္ကသိုလ်မှကြိုဆိုလျက်ရှိသည်။



# KCG ၏ အမှတ်သင်္ကေတ

## kcg.edu

KCG Group သည် ပညာရေးအဖွဲ့အစည်းများကို ကမ္ဘာတစ်ဝှမ်း စုစည်းထားသော အုပ်စု ဖြစ်သည်။ ယင်းအဖွဲ့အစည်းများတွင် ကျိုတိုသတင်းအချက်အလက် ဘွဲ့လွန်သင်တန်းကျောင်း (KCGI)၊ ရခုဟိုခု ကျောင်းပရဝဏ်၊ ခမိုဂဝ ကျောင်းပရဝဏ်နှင့် အဲခိမအဲ ကျောင်းပရဝဏ်တို့ဖြင့် ဖွဲ့စည်းထားသည့် Kyoto Computer Gakuin (KCG)၊ Kyoto Automobile College ၊ Kyoto Japanese Language Training Center နှင့် KCG Career တို့ ပါဝင်ကြသည်။

KCG Group ၏ အမှတ်အသားသည် kcg.edu ဖြစ်ပြီး ယင်းကို ၁၉၉၅ ခုနှစ်က တည်ဆောက်ခဲ့သော အင်တာနက် ဒိုမိန်း အမည် (www.kcg.edu) မှ ယူထားသည်။ ဤအမှတ်အသားကို KCG Group ၏ စီအီးအိုဖြစ်သူ ဝါတာရု ဟဆဲဂဝ က ၂၀၀၃ ခုနှစ်တွင် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ဒိုမိန်းအမည် "kcg" မှာ ဂျပန်နိုင်ငံတွင် ပထမဆုံး ကွန်ပျူတာပညာရေး အဖွဲ့အစည်းဖြစ်သော Kyoto Computer Gakuin ကို ကိုယ်စားပြုသည်။ ".edu" အုပ်စုအမည်မှာ အမျိုးအစားအလိုက် အဆင့်မြင့် ဒိုမိန်း အုပ်စု (gTLD- အင်တာနက် သီးသန့်ဒိုမိန်းအမည် အုပ်စုတစ်ခု) ဖြစ်ပြီး အမေရိကန်အသိအမှတ်ပြု အဖွဲ့အစည်းများက အတည်ပြုထားသည့် အဆင့်မြင့်ပညာရေး အဖွဲ့များကိုသာ အသုံးပြုခွင့်ပေးထားသော အမည်ဖြစ်သည်။ ".edu" အမည်ဖြင့် အမေရိကန် အဆင့်မြင့်ပညာရေးအဖွဲ့ ၆ ဖွဲ့က ၁၉၈၅ ခုနှစ် ဧပြီလတွင် ပထမဆုံး မှတ်ပုံတင်ခဲ့ပြီး gTLD အဆင့်ကို ရယူခဲ့သည်။ အဆိုပါ ကျောင်းများမှာ Columbia University, Carnegie Mellon University, Purdue University, Rice University, University of California, Berkeley နှင့် University of California, Los Angeles တို့ ဖြစ်ကြသည်။ များမကြာမီ အဆိုပါ အဖွဲ့အစည်း ၆ ခုနောက်တွင် Massachusetts Institute of Technology (MIT), Harvard University, Stanford University စသည့် ထင်ရှားသော အမေရိကန် တက္ကသိုလ်များကလည်း ".edu" အမည်များ ရယူလာခဲ့သည်။

၁၉၈၉ ခုနှစ်တွင် KCG Group သည် အမေရိကန်ရှိ MIT နှင့် အခြား တက္ကသိုလ်များ၊ သုတေသန ဌာနများနှင့် ပင်လယ်ရပ်ခြား သင်တန်းများ၊ ကျောင်းသားဖလှယ်ရေးအစီအစဉ်များ ဆောင်ရွက်ရန် ဘော့စတွန်ကျောင်းပရဝဏ်ကို တည်ထောင်ခဲ့သည်။ အဆိုပါ အားထုတ်မှုများ၏ ရလဒ်အဖြစ် KCG Group ကို အမေရိကန် ကွန်ပျူတာ တည်ဆောက်သူများ၊ အင်တာနက် ခေတ်၏ရှေ့ပြေး ဦးဆောင်သူများက ပညာရေးအတွက် သီးသန့်သတ်မှတ်ထားသော ".edu" အမည်ပါပြီး အဆင့်မြင့်ပညာများသင်ယူရန် သင့်တော်သည့် စိတ်ချရသော ကွန်ပျူတာ သင်တန်းကျောင်းတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ KCG Group သည် gTLD အဆင့်အတန်းဖြင့် အသိအမှတ်ပြုခံရသည့် ဂျပန်နိုင်ငံ၏ ပထမဆုံး ပညာရေးအဖွဲ့အစည်း ဖြစ်သည်။ များမကြာမီ gTLD ".edu" အမည်ကို အမေရိကန်ပြည်ထောင်စုရှိ ပညာရေး အဖွဲ့အစည်းများအတွက်သာ သီးသန့်အသုံးပြုရန် သတ်မှတ်ခဲ့သည်။ ယနေ့ အချိန်အထိ KCG Group သည် .edu အမည်ပါရှိသည့် ဂျပန်နိုင်ငံ၏ တစ်ခုတည်းသော ပညာရေးအဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိနေသည်။

"kdg.edu" ဒိုမိန်းအမည်ကို KCG Group က ပိုင်ဆိုင်ထားမှုသည် KCG နှင့် KCGI တို့ကို အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့တွင် အဆင့်မြင့် ပညာရေး အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုခံထားရသည့်အချက်အား သက်သေထူနေသည်။ ထို ".edu" ဒိုမိန်းအမည်သည် ယနေ့အချိန်တွင် ကျောင်း၏ စွမ်းဆောင်ရည် မြင့်မားမှု အမှတ်သင်္ကေတအဖြစ် ရပ်တည်လျက်ရှိသည်။ ထိုအမှတ်အသား "kcg.edu" သည် အဆင့်မြင့် သတင်းအချက်အလက် လူ့အဖွဲ့အစည်းတွင် ရှေ့ပြေး ဦးဆောင်မှုကို အမြဲတန်ဖိုးထားသည့် ပညာရေးအဖွဲ့အစည်းအဖြစ် KCG Group ၏ ခံယူချက်ကို ဖော်ကျူးနေပြီး ခေတ်တစ်ခု၏ လားရာကို ပုံဖော်နိုင်သည့် လူသားများကို လေ့ကျင့်ပျိုးထောင်ရေး ဟူသော ကျောင်း၏ စိတ်ကူးစိတ်သန်းကို ထင်ဟပ်လျက် ရှိသည်။

## KCG Group ၏ သင်္ကေတအရောင်

### KCG အနီရောင်
(The Kyoto College of Graduate Studies for Information ကျောင်းအရောင်)

KCG Group ၏ တည်ထောင်သူ အကြီးအမှူး ဟဆဲဂဝ ရှိဂဲအို သည် မနစ်က သင်တန်းကျောင်း အုပ်ချုပ်နေပြီး တစ်ဖက်တွင် ဟားဗတ်တက္ကသိုလ်သို့ သွားရောက် ပညာသင်ကြားခဲ့ပြီး၊ ငယ်ရွယ်စဉ်က မလေ့လာခဲ့ရသော ပညာကို တဖန်သင်ကြားခဲ့သည်။ ဘော့စတွန်တွင် တိုက်ခန်းငှားပြီး၊ ငယ်ရွယ်သော ကျောင်းသားများနှင့် အတူတကွ စာပေနှင့် ဒဿနိကဗေဒ ပညာများကို သွားရောက်သင်ကြားခဲ့သည်။ The Kyoto College of Graduate Studies for Informatics ၏ ကျောင်းအရောင်သည် တည်ထောင်သူက သွားရောက်သင်ယူခဲ့သော ဟားဗတ်တက္ကသိုလ်၏ ကျောင်းအရောင် ဖြစ်သည့် အနီရင့်ရောင်ကို အခြေခံကာ၊ KCG အပြာရောင်နှင့် ကွဲပြားစွာ သတ်မှတ်ခဲ့သည်။ ၎င်းသည် အသက်အရွယ်ကြီးရင့်သော ယောကျာ်း မိန်းမ မခွဲခြားဘဲ၊ အစဉ်ထာဝရ အသစ်များကို စိန်ခေါ်ပြီး၊ နှိမ့်ချစွာ သင်ယူနေမည့် ပုံသဏ္ဍာန်ကို ဖော်ပြနေသည်။

### KCG အပြာရောင်
(Kyoto Computer Gakuin အရောင်၊ KCG Group ၏ သင်္ကေတအရောင်)

Kyoto Computer Gakuin ၏ အရောင် တနည်းအားဖြင့် KCG Group ၏ သင်္ကေတအရောင်ဖြစ်သည့် အပြာရောင်သည် ကျောင်းစတင်တည်ထောင်ခဲ့သည့် အဖွဲ့ဝင်များအားလုံးသည် ကျိုတိုတက္ကသိုလ်မှ တက္ကသိုလ်ကျောင်းသားများ၊ ဘွဲ့ရကျောင်းသားများ ဖြစ်သည့်အတွက် ကျိုတို တက္ကသိုလ်၏ ကျောင်းအရောင်ဖြစ်သည့် အပြာရင့်ရောင်ကို အခြေခံပြီး ရွေးချယ် သတ်မှတ်ထားပါသည်။ ၁၉၇၀ နှစ်မှစ၍ စတင်အသုံးပြုလာခဲ့ပြီး၊ ကျောင်းတည်ထောင်ပြီး ၃၅ နှစ် (၁၉၉၈ ခုနှစ်) တွင် အရောင်သတ်မှတ်ကာ KCG Group အနေဖြင့် အမှတ်သညာပြုခဲ့သည်။

### KCG လိမ္မော်ရောင်
(Kyoto Computer Gakuin Automobile School ကျောင်းအရောင်)

အနာဂတ်မျိုးဆက်သစ်များ၏ မော်တော်ကားနည်းပညာများနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် နည်းပညာမြင့် IT, Network ပိုင်းဆိုင်ရာ နည်းပညာ၊ အသိပညာကို အထောက်အပံ့ပြုနိုင်မည့် မော်တော်ကား ထိန်းသိမ်းပြုပြင်ပညာရှင်များကို မွေးထုတ် ပေးသည်။ ၂၀၁၃ ခုနှစ်တွင် Kyoto Computer Gakuin Automobile School သည် KCG Group တွင် ပါဝင်လာခဲ့ပါသည်။ ကျောင်းအရောင်သည် KCG Group တွင် အသစ်ဖြစ်သော စွမ်းအင်ကို သိုလှောင် ထားသည် ဟု ဖော်ပြသည်။

### KCG အစိမ်းရောင်
(Kyoto Japanese Language Training Center ကျောင်းအရောင်)

KCG Group ၏ နိုင်ငံရပ်ခြားမှ ပညာသင်ကျောင်းသားများအတွက် စဦးဆုံးသော ဝင်ပေါက် ဖြစ်သည့် Kyoto Japanese Language Training Centerသည် တရားရေးဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သော ဂျပန်စာသင်ကျောင်းဖြစ်ပြီး၊ Ministry of Education, Culture, Sports, Science and Technology မှ ပြင်ဆင်သည့် သင်ရိုးအတိုင်း လိုက်နာပါသည်။ ကမ္ဘာ့ တိုက်ကြီး ၇ ခု၏ စိမ်းသောမြေကမ္ဘာ၏ ပုံရိပ်ကို ယူကာ ကျောင်းအရောင်ကို KCG အပြာရောင်၊ အနီရောင်တို့နှင့် မတူဘဲ အစိမ်းရောင်ကို သတ်မှတ်ထားသည်။ ပညာလာရောက်သင်ကြားနေသော ပညာသင်ကျောင်းသားများ၏ စွမ်းရည်ဖွံ့ဖြိုးမှုကို ဖော်ပြနေပါသည်။

# KCGI ၏ထူးခြားသောလက္ခဏာများ

## လူ့အဖွဲ့အစည်း၌ အသုံးဝင်သော လက်တွေ့ကျသည့် ကျွမ်းကျင်မှုကို သင်ကြားတက် မြောက် စေခြင်း

■ အသုံးချနယ်ပယ်လိုအပ်ချက်၊ IT နယ်ပယ် တိုးတက်မှုများနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်း ဒီဇိုင်း

မိမိတို့ တက္ကသိုလ်သည် ထုတ်လုပ်မှုကဏ္ဍ၏လိုအပ်ချက်ကိုလိုက်ပြီး သင်ကြားပို့ချမှု သင်ရိုးညွှန်းတမ်းများ၊ တနည်းဆိုသော် သင်ရိုးညွှန်းတမ်းပုံစံ၊ သင်ကြားမှုပုံစံ တို့ကို အဖွဲ့အစည်းအတွင်းအပြင်မှ အသိပညာရှင်အတတ်ပညာရှင်များ၏ အကြံဉာဏ်ကို ရယူကာ ပြင်ဆင်ထားရှိသည်။ တဖန် IT (ICT) ၏လျင်မြန်သောတိုးတက်ပြောင်းလဲမှုကို အမီလိုက်နိုင်ရန်အတွက် အမေရိကန် Rochester နည်းပညာတက္ကသိုလ်နှင့် စာချုပ်ချုပ်ဆို ကာ ကမ္ဘာ့နောက်ဆုံးပေါ် IT ပညာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းကိုလည်း ထည့်သွင်းထား ပြီး အတူတကွဖန်တီးကြံဆမှုများကို ဆောင်ရွက်လျက်ရှိသည်။

■ တိကျသေချာသော လက်တွေ့ဆန်သည့် သင်ရိုးညွှန်းတမ်းပုံစံ

မိမိတို့တက္ကသိုလ်သည် IT (ICT) နှင့် စီမံခန့်ခွဲမှုဆိုင်ရာတို့တွင် ကျွမ်းကျင်သည့် လူ့အရင်းအမြစ်ကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ IT နည်းပညာရပ်သာမက စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့်သက်ဆိုင်သော ဘာသာရပ်များကိုလည်း သင်ယူနိုင်ရန် စီစဉ်ထားရှိသည်။ နောက်ဆုံးနှစ်တွင် ဘွဲ့လွန်စာတမ်းအစား ဘွဲ့လွန်ပရောဂျက်ကို လက်တွေ့လုပ်ဆောင်စေကာ အသက်မွေးဝမ်းကျောင်းအလုပ်အတွက် လိုအပ်သော အဆင့်မြင့်ကျွမ်းကျင်မှုကို ပိုင်ဆိုင်စေမည် ဖြစ်သည်။

■ e-learing နှင့် မျက်နှာချင်းဆိုင်သင်ကြားမှုပုံစံဖြင့် အကျိုးရှိသောသင်ကြားရေးပုံစံကို ဖန်တီးထားရှိခြင်း

မိမိတို့ တက္ကသိုလ်သည် Rochester နည်းပညာတက္ကသိုလ်မှ ကျွမ်းကျင်သောပါမောက္ခများ ကိုကျောထောက်နောက်ခံပြုပြီး ကမ္ဘာ့နောက်ဆုံးအဆင့်မြင့် IT ပညာရပ်သင်ကြားရေး ကိုရည်ရွယ်လျက်ရှိသည်။ သင်ကြားမှုပုံစံကိုလည်း အလေးထားပြီး Care Study, Field Study, Group Work, ဆွေးနွေးမှုများကို လက်တွေ့လုပ်ဆောင်စေသော ပုံစံဖြစ်သည်။ တဖန် အခြေခံကျသော e-learning Studio ကိုလည်းထားရှိပြီး၊ e-learning ဖြင့် မျက်နှာချင်းဆိုင် သင်ကြားမှုဖြင့် အကျိုးဖြစ်ထွန်းမှုကို ပိုမိုရရှိစေမည်။

## IT (ICT) နှင့် စီမံခန့်ခွဲမှုဘာသာရပ်များကို အချိုးညီမျှစွာ လေ့လာသင်ကြားနိုင်

■ IT နှင့် စီမံခန့်ခွဲမှုကဲ့သို့ ကဏ္ဍအစုံတွင် လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိသော ပညာရှင်များ ပြုစုပျိုးထောင်ခြင်း

လက်ရှိ စီးပွားရေးလမ်းကြောင်းသည် ဝဘ်နည်းပညာကိုအခြေပြုသည့် IT (ICT) ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုနည်းဗျူဟာ အစရှိသည့် စီမံခန့်ခွဲမှုကျွမ်းကျင်သူ လူ့အရင်းအမြစ်ကို အလုပ်ဌာနများက လိုအပ်လျက်ရှိသည်။ မိမိတို့တက္ကသိုလ်တွင် သတင်းအချက်အလက်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ စသည့် နယ်ပယ်အများအပြားအတွက် ကျွမ်းကျင်သည့်အတတ်ပညာရှင်များကို ပြုစုပျိုး ထောင်ပေးလျက်ရှိသည်။ သင်ရိုးညွှန်းတမ်းသည် တစ်ဦးချင်းစီ၏ နောက်ခံကိုကြည့်ကာ သတင်းအချက်အလက်ဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို အချိုးညီမျှစွာ ပေါင်းစပ်လေ့လာနိုင်စေမည်ဖြစ်သည်။

■ ကုမ္ပဏီနှင့် အခြား IT နည်းဗျူဟာဖွံ့ဖြိုးရေးတွင် လက်တွေ့အတွေ့အကြုံရှိသော နည်းပြအများအပြားခန့်ထားခြင်း

မိမိတို့တက္ကသိုလ်သည် ကျွမ်းကျင်အတတ်ပညာရှင်များကို မွေးထုတ်ပေးရန် ရည်ရွယ်ကာ လုပ်ငန်းကြီးများ၏ CIO အတွေ့အကြုံရှိ ပုဂ္ဂိုလ်များကိုဖိတ်ခေါ်ကာ သင်ကြားမှုပြုလုပ် လျက်ရှိသည်။ ၎င်း ပုဂ္ဂိုလ်များ၏ အတွေ့အကြုံကို အရင်းခံသည့် စာသင်ကြားချိန်များဖြင့် ကျောင်းသား၏ လက်တွေ့ဖန်တီးနိုင်မှုကို မွေးမြူသည်။ လက်တွေ့ဖြင့် သီအိုရီ၊ နည်းပညာ များ၏နက်နဲမှုကို နားလည်သဘောပေါက်စေကာ ကျောင်းသားများကျွမ်းကျင်မှု အဆင့်ကို ပိုင်ဆိုင်စေမည်။

## Carrer ပြောင်းလဲပြီး IT နယ်ပယ်တွင် လှုပ်ရှားခြင်း

■ လူမှုဘာသာရပ်များဖြစ်စေ၊ သိပ္ပံဘာသာရပ်များဖြစ်စေ နယ်ပယ်ကျယ်ကျယ်ပြန့်ပြန့်မှ ကျောင်းသားများ တက်ရောက်နိုင်ခြင်း

KCGI ၏ ရည်မှန်းချက်တစ်ခုမှာ ပညာရေးနောက်ခံအမျိုးမျိုးနှင့် အဆင့်မြင့် IT ပညာရှင်များ မွေးထုတ်ရေးဖြစ်သည်။ ကျောင်းသားများ၏ အထူးပြုဘာသာ၊ ဘွဲ့အတွက် အထူးပြုကဏ္ဍများကို ကန့်သတ်မထားဘဲ လူမှုရေး ဘာသာများသာမက သိပ္ပံဘာသာရပ်များမှ ကျောင်းသားမျိုးစုံကို KCGI က လက်ခံလျက်ရှိသည်။ KCGI သည် ပညာရေးနောက်ခံ အမျိုးမျိုးနှင့် ကျောင်းသားများအား ၎င်းတို့၏ လက်ရှိ အသိပညာ၊ ကျွမ်းကျင်မှုနှင့် လိုအပ်ချက်များနှင့် သင့်တော်သည့် စိတ်ကြိုက်သင်တန်းများ ရွေးချယ်ခွင့်ပြုသည်။ အလုပ်လုပ်ရင်း ကျောင်းတက်နိုင်ရန်အတွက် KCGI က သင်ယူနိုင်မည့် နည်းလမ်းမျိုးစုံကို ဖန်တီးပေးထားသည်။ ဂျပန်နိုင်ငံရှိ ဘွဲ့လွန်ကျောင်းများတွင် အစဉ်အလာအားဖြင့် သင်ကြားပို့ချခြင်းမရှိသည့် အသက်မွေးမှု အလုပ်အကိုင် လမ်းကြောင်းပြောင်းလဲရန် အခွင့်အလမ်းများကို KCGI က ဂုဏ်ယူစွာ ဆောင်ကြဉ်းပေးထားသည်။

■ ကျောင်းဝင်စဉ် မိမိ၏ ဗဟုသုတနှင့်ကိုက်ညီသော သင်ကြားမှု

KCGI ရှိ ကျောင်းသားများ၏ ကျွမ်းကျင်မှု အဆင့်များမှာ လူမှုရေးဘာသာရပ်များ သင်ကြားနေသည့် ကျောင်းသားများအနေဖြင့် ကွန်ပျူတာအကြောင်း လုံးဝနီးပါး မသိသည့် အခြေအနေမှသည် IT ကဏ္ဍတွင် ဆော့ဖ်ဝဲအင်ဂျင်နီယာအဖြစ် အလုပ်လုပ်နေသော ကျောင်းသားများအထိ အမျိုးမျိုး ကွဲပြားသည်။ မိမိတို့သည် IT ကျွမ်းကျင်မှုရှိသည်ဖြစ်စေ၊ မရှိဘူးဖြစ်စေ အနာဂတ်ရည်ရွယ်ချက် နှင့်ကိုက်ညီသည့် သင်ကြားမှုပုံစံဖြစ်ရာ၊ ဗဟုသုတလေ့လာမှုမရှိသူများပင်လျှင် အလွယ်တ ကူလေ့လာသင်ယူနိုင်သည်။ အထိုက်အလျောက်လေ့လာမှုရှိထားပြီးသူများလည်း ဘာသာရပ်ပိုင်းဆိုင်ရာ အထူးပြုဘာသာရပ်များမှစတင်လေ့လာနိုင်ပြီး ကျွမ်းကျင်မှု အဆင့်မြင့်တင်နိုင်သည်။

## ကမ္ဘာ့စင်မြင့်ပေါ်တွင် တက်ကြွသော အခန်းကဏ္ဍမှပါဝင်ရန် ကျောင်းက ရည်မှန်းသည်။

■ ကမ္ဘာ့နိုင်ငံများ၏ IT နယ်ပယ် ကိုယ်စားပြုသော တစ်ဦးသော ပုဂ္ဂိုလ်၏ စာသင်ချိန်

IT business သည် နိုင်ငံ၏နယ်နိမိတ်ကိုကျော်လွန်သော နယ်ပယ်ဖြစ်သည်။ မိမိတို့ တက္ကသိုလ်သည် ကျောင်းသားများကို နိုင်ငံတကာအမြင်ရှိစေရန် ဥရောပနှင့် အာရှမှ အဆင့်မြင့် ဆရာဆရာမ များကိုဖိတ်ကြားလျက်ရှိသည်။ အမေရိကန်ရှိ Rochester နည်းပညာတက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်၊ သတင်းအချက်အလက်ထိန်းသိမ်း ထားရှိမှုနယ်ပယ်တွင်ကမ္ဘာ့အဆင့်မြင့် ကိုရီးယားနိုင်ငံ ကိုရီးယားတက္ကသိုလ် သတင်းအချက်အလက် ထိန်းသိမ်းရေးဘွဲ့လွန်ကျောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ တက္ကသိုလ်များ၊ လုပ်ငန်းများနှင့် သင်ကြားမှုနည်းပညာကို ပူးပေါင်းဖလှယ်ကာ နားလည်မှုစာချွန်လွှာများရေးထိုးပြီး သုတေသနလုပ်ငမ်းများ နိုင်ငံတကာ စာတမ်းဖတ်ပွဲများကို ကျင်းပပြုလုပ်ပြီး ကမ္ဘာ့တပှမ်း ကူးလူးဆက်ဆံမှုများကို အားဖြည့်လျက်ရှိသည်။

## အတန်းအများအပြားကို အင်္ဂလိပ်ဘာသာအသုံးပြု သင်ကြားခြင်းအားဖြင့် ကျောင်းသားများအား ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်သော ပညာရှင်များ ဖြစ်လာအောင် ကျောင်းက လေ့ကျင့်ပေးသည်။

အင်္ဂလိပ်ဘာသာဖြင့် ပို့ချသည့် သင်တန်းအများအပြား ဖွင့်လှစ်ထားပြီး ကျောင်းသားများမှာ မိမိတို့၏ မဟာဘွဲ့အား အင်္ဂလိပ်လို အပြည့်အဝ သင်ကြား ရယူနိုင်ကြသည်။ အဆိုပါ သင်တန်းအချို့ကို ပြည်ပနိုင်ငံများမှ အထင်ရှားဆုံး ပါမောက္ခများက သင်ကြားပို့ချပေးမည် ဖြစ်သည်။ ဘွဲ့ကြိုသင်တန်းနှင့် ဘွဲ့လွန်သင်တန်းများ အပါဝင်၊ နိုင်ငံပေါင်း၁၇နိုင်ငံကျော်မှ ကျောင်းသားများသည် KCGI၌ ပညာသင်ကြားလျက်ရှိပါသည်။ အင်္ဂလိပ်စာဖြင့် သင်ကြားပို့ချသည့်ဘာသာရပ်များစွာအား ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်၊ ဂျပန် ကျောင်းသားများသည်လည်း လိုအပ်သည့် အင်္ဂလိပ်စာကျွမ်းကျင်မှု အဆင့်မီပါက အဆိုပါ အင်္ဂလိပ်စာဖြင့် သင်ကြားသည့်အတန်းများကို တက်ရောက်နိုင်သည်။ ဤလူမျိုးစုံ နိုင်ငံစုံ ပတ်ဝန်းကျင်၏ အကျိုးကျေးဇူးများကို အကောင်းဆုံး အသုံးချရင်း အဆိုပါ ကျောင်းသားများသည် IT ပညာရပ်ကို သင်ယူနေစဉ် အင်္ဂလိပ်စာကိုပါ တစ်ဖက်က လေ့လာဆည်းပူးနိုင်သလို နိုင်ငံတကာ အတွေးအခေါ်အမြင်များလည်း ရရှိနိုင်မည် ဖြစ်သည်။



Premathilaka
Shashikala Nimanthi (S)

Student enrolled in KCGI in April 2018,
Graduate of Rajarata University



Koichi Hasegawa (H)

Professor of KCGI

### Student Interview

Professor Hasegawa (H): Hi, how are you?
Premathilaka Shashikala Nimanthi (S): I'm very fine, thank you.
H : OK, let's talk about your life at KCGI. First, please relax (ha-ha).
S : Thank you.
H : How is your life in Japan?
S : Before I came to Japan, I really admired Japanese culture and life. I especially liked the self-discipline and self-control of Japanese people. The only difficult thing is Japanese language.
H : I see. How did you learn about our graduate school?
S : I wanted to do my Master's degree outside of Sri Lanka. So, I searched many universities. At that time, a Sri Lanka agency introduced me to KCGI. I learned that KCGI has Master courses that can be taken in English and Japanese. Then, I searched the KCGI's online website, where I found details about the school, courses and especially about job focus areas. I was really happy because I could come to Japan.
H : So, you are interested in Information Technology….
S : Yes, my undergraduate degree was in Information and Communication.
H : How are your studies going so far?
S : I am really enjoying my studies here. I have learned so much interesting and useful things across many IT fields. And the KCGI professors are teaching me a lot. They have much knowledge and experience to share. I have learned a lot of things from them, and also have done self-study using the class materials. It's been a really good experience.
H : What is your concentration?
S : My concentration is ERP.
H : Do you have any favorite courses?
S : Yes, I enjoy all courses especially, "International Accounting" and "Computer Organization Theory".
H : In the future, do you want to take a job related to ERP?
S : Yes, after I graduate, I want to start my career as an ERP consultant. Before I came to Japan, I worked as a project manager. While I am here, I wish to pursue a job as an ERP consultant.
H : Are you planning to take the test for ERP qualification?
S : Yes, my professor always recommends me to take extra examinations. I will register for the SAP ERP examinations soon.
H : After you graduate from KCGI, do you want to stay in Japan and find a job?
S : Yes, I would prefer to find a job here in Japan. I want to work in a company which has branches all over the world so I can get more work experience in different environments. One day I would like to return to Sri Lanka and give back to my country. That is my target. I have been given so many things from my country so I feel it is my responsibility to give back my knowledge.
H : I see. Thank you for your time and cooperation.

## လေ့လာဆည်းပူးခဲ့သောပညာရပ်များကို လူ့အဖွဲ့အစည်းတွင် အသုံးချခြင်း

■ တိကျသေချာသော လမ်းညွှန်မှုများဖြင့် မျှော်မှန်းသော လုပ်ငန်းခွင်ကို အကောင်ထည် ဖော်ခြင်း

ကျောင်းသားအားလုံး ဘွဲ့ရလျှင် အလုပ်ရရန် KCGI က ရည်မှန်းသည်။ နည်းပြတာဝန်ခံများက လက်တွေ့ အတွေ့အကြုံနှင့် လုပ်ငန်း ကဏ္ဍ နယ်ပယ် အသီးသီးရှိ မိမိတို့၏ အသိအကျွမ်း၊ အဆက်အသွယ် ကွန်ယက်များကို ကျောင်းသားများ ကိုယ်စား အကောင်းဆုံး အသုံးပြုမည် ဖြစ်သည်။ ကျောင်းသားများနှင့် တစ်ဦးချင်းစီ ဆွေးနွေးတိုင်ပင်ခြင်းမှတစ်ဆင့် နည်းပြများသည် ကျောင်းသားများ၏ စိတ်ကူးအိပ်မက် အလုပ်အကိုင်များကို ရှာဖွေရရှိရန် ဆောင်ရွက်ပေးကြသည်။ တဖန်ကိုယ်ပိုင်လုပ်ငန်းထူထောင်ရန်ဆန္ဒရှိသော ကျောင်းသားများအတွက်လည်း ကုမ္ပဏီ ထူထောင်ရာတွင်လိုအပ်သော စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုဆိုင်ရာ နည်းပညာများကို ကူညီပံ့ပိုး ပေးလျက်ရှိသည်။

■ ကျောင်းဆင်းဘွဲ့ရများအကြား စီးပွားရေးလုပ်ငန်း ကွန်ယက်များ ထူထောင်ခြင်း

ဤတက္ကသိုလ်သည် IT ပညာရပ်အထူးပြုကျောင်းသားများကို မွေးထုတ်ပေးလျက်ရှိပြီး ကျောင်းပြီးသောလူငယ်များအကြားတွင်လည်း စီးပွားရေးကွန်ယက်ဖြစ်မြောက်ရေးတွင် အားထည့်ဆောင်ရွက်လျက်ရှိသည်။ တက္ကသိုလ်တက်ရောက်စဉ်ကာလကတည်းက အုပ်စုအလိုက် လုပ်ဆောင်စေခဲ့ပြီး၊ တက္ကသိုလ်ပြီးဆုံး၍ လူ့အဖွဲ့အစည်းအတွင်းသို့ဝင်ရောက်ပါကလည်း ကျောင်းနေဖက်အချင်းချင်း အသီးသီးသောကျွမ်းကျင်မှုများကို အသုံးချကာ ပူးပေါင်းလုပ်ဆောင်ရင်း စီးပွားရေးလုပ်ငန်းများကို တိုးတက်စေရန် ရည်ရွယ်သည်။



# ပတ်ဝန်းကျင်

ကမ္ဘာ့အသိအမှတ်ပြုစံနှုန်းမီ လက်တွေ့သင်ကြားရေးပတ်ဝန်းကျင်

## သင်ကြားရေးထောက်ကူပြု SAP စနစ်

■ SAP ကုမ္ပဏီ ERP package ဖြင့် အရည်အချင်းရှိသော စီးပွားရေးလုပ်ငန်းရှင်များကို မွေးမြူခြင်း

ပုံမှန်တက္ကသိုလ်၊ ဘွဲ့လွန်တက္ကသိုလ်များရှိ IT ပညာရပ်သည် များသောအားဖြင့် "စီးပွားရေးလုပ်ငန်းတွင် မည်သို့အသုံးချမလဲ" ဆိုသည့်အချက် လိုအပ်လျက်ရှိသည်။ အထူးသဖြင့် လုပ်ငန်းများပေါင်းစည်းခြင်း၊ ဌာနများကိုပေါင်းစည်းခြင်း ဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့်သက်ဆိုင်သည့် ယေဘုယျ IT အသုံးချပညာရေးကို လုပ်ဆောင်ရန်ကောင်းမွန်သောပတ်ဝန်းကျင် ပြင်ဆင်ရန်လိုအပ်သေးသည်။

ဤတက္ကသိုလ်တွင် အဆင့်မြင့်စီးပွားရေးလုပ်ငန်းရှင်များကို ပြုစုပျိုးထောင်နိုင်ရန် ကမ္ဘာ့အကြီးဆုံး ERP (လုပ်ငန်းအရင်းအမြစ်အစီအစဉ်) package vendor ဖြစ်သော ဂျာမနီ SAP ကုမ္ပဏီ၏ SAP ERP ကိုပညာရေးအတွက် ထည့်သွင်းကာ လက်တွေ့ကျသော သင်ယူရေး သုတေသနပတ်ဝန်းကျင်ကို ဖန်တီးထားရှိသည်။

ဤလုပ်ငန်းရင်းမြစ် စီမံရေး (ERP) စနစ်ကို ERP၏ အရံ ဆော့ဖ်ဝဲအသုံးပြုမှု အပါအဝင် ကုမ္ပဏီပေါင်း ၄၃၇၀၀၀ က အသုံးပြုကြသည် (၂၀၂၀ ပြည့်နှစ် မတ်လရှိ SAP ကိန်းဂဏန်းများအရ)။ အဓိက ကုမ္ပဏီကြီးများအနက် Forbes Global 2000 တွင် ပါဝင်သော ကုမ္ပဏီများ၏ ၉၂% မှာ SAP ERP ကို အသုံးပြုကြသည်။

မူလအစ ထိုစနစ်သည် စီမံခန့်ခွဲမှုဆိုင်ရာသတင်းအချက်အလက်ထိန်းသိမ်းမှုအတွက်ထည့်သွင်း ခဲ့သော်လည်း၊

စနစ်သစ်များတီထွင်ဖန်တီးမှုအပါအဝင်အခြေခံကျသော ERP အသက်မွေးဝမ်းကျောင်းပညာ ပညာသင်ကြားရေးအတွက် ထည့်သွင်းခဲ့သည်မှာ ဂျပန်နိုင်ငံတွင်တစ်ခုတည်းဖြစ်ရုံမျှမက ဂျပန်နိုင်ငံ၏ပထမဆုံး IT အသက်မွေးဝမ်းကျောင်းပညာဘွဲ့လွန်ကျောင်းဖြစ်ခြင်းမှာ ဤတက္ကသိုလ်၏ ထူးခြားချက်ဖြစ်သည်။

# E-Learning စနစ်

KCGI သည် ကျိုတိုရှိ ပင်မ ကျောင်းပရဝဏ်နှင့် အခြားဒေသများရှိ အဝေးကျောင်းပရဝဏ်များနှင့် ချိတ်ဆက်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ လက်ချာများထုတ်လွှင့်ကာ ကျောင်းသားများအတွက် ပြီးပြည့်စုံသော အဝေးရောက် သင်ကြားမှု ပတ်ဝန်းကျင် ဖြည့်ဆည်းပေးခြင်းတို့အတွက် အနာဂတ်မျိုးဆက်သစ် e-learning စနစ်တစ်ခုကို အသုံးပြုသည်။

ယခုအခါ e-learning စနစ်ကိုအသုံးပြုပြီး ဆာပိုရို၊ တိုကျို၊ ကျိုတို တို့နှင့်ချိတ်ဆက်ကာ အချိန်နှင့်တစ်ပြေးညီ ပညာသင်ကြားလာနိုင်ခဲ့သည်။ (တပြိုင်နက်ပုံစံ e-learing) တဖန် KING-LMS တွင်စုစည်းထားသော သင်ယူရေး Content များကြောင့် အင်တာနက်အသုံးပြုခြင်းဖြင့် မည်သည့်နေရာ၊ မည်သည့် အချိန်တွင် မဆို အွန်လိုင်းမှ လေ့လာနိုင်သည်။ ယင်းဆန်းသစ်မှုများဖြင့် KCGI သည် အွန်လိုင်းမှ အပြည့်အဝ သင်ယူနိုင်မည့် သင်တန်းအများအပြားကို သင်ကြားပေးသည် (တပြိုင်နက်မဟုတ်သောပုံစံ e-learning)။

*KING-LMS ဖြင့် မိမိလေ့လာလိုသော အကြောင်းအရာများကို လွတ်လပ်စွာ လေ့လာနိုင်သည့် ဤတက္ကသိုလ်၏ထူးခြားသော သင်ယူမှုစီမံခန့်ခွဲရေး အထောက်အကူပြုစနစ်
KCG Information Network Galaxy-Learning Management System

■ အလုပ်တစ်ဖက်နှင့် သင်ယူမည့် ကျောင်းသားများအတွက် အထောက်အကူပြု

မကြာသေးမီနှစ်များတွင် ကျွမ်းကျင်မှုမြှင့်တင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ ပြောင်းလဲခြင်းကိုရည်ရွယ်ကာ လုပ်ငန်းခွင်ဝင်ရင်းနှင့်ပင် ဘွဲ့လွန်ဆက်လက်တက်ရောက်မည့်သူများ များပြားလာသည်။ KCGI သည် ထိုကဲ့သို့သော အလုပ်တစ်ဖက်ဖြင့်တက်ရောက်ပြီး အဆင့်မြင့် IT ပညာရှင်များဖြစ်ရန် ရည်မှန်းသောကျောင်းသားများကို အားပေးလက်ခံသည်။




# ဆောင်ရွက်လျက်ရှိသော နယ်ပယ်

ယခုလက်ရှိ ထုတ်လုပ်မှုကဏ္ဍတွင် IT (ICT) ပြောင်းလဲမှုကိုလိုက်၍ (အထူးသဖြင့် web-business နည်းပညာကျယ်ပြန့်လာခြင်း) ယခင် "IT ပြောင်းလဲခြင်း" နှင့်ယှဉ်ပါက အဆင့်မြင့် IT သည်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်လာသည်။ တနည်းဆိုသော် IT (ICT) သည်လွယ်ကူရိုးရှင်းသောလုပ်ငန်းမဟုတ်ဘဲ အဆင့်မြင့်ဗျူဟာမြောက်လုပ်ငန်း အစီအစဉ် ရေးဆွဲခြင်းတွင် အသုံးပြုခြင်းဖြစ်သည်။ ဤသည်မှာ စီမံခန့်ခွဲသူအဆင့် IT ပညာရပ်ကို ဆိုလိုပြီး၊ အဆင့်မြင့်ဗဟုသုတနှင့်နည်းပညာများနှင့်တစ်ပြိုင်နက် အဆင့်မြင့် စီမံခန့်ခွဲနိုင်မှု စွမ်းရည်အမြင်ရှိသူများကို လိုအပ်လျက်ရှိသည်။ ဤတက္ကသိုလ်တွင် ထုတ်လုပ်မှုကဏ္ဍအတွက်အသုံးချ IT ပညာရပ် ကျွမ်းကျင် လူ့အရင်းအမြစ်ကို ပြုစုပျိုးထောင်ပေးသည့် သင်ရိုးညွှန်တမ်းကို အကောင်ထည်ဖော်လျက်ရှိသည်။ ဤတက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူများသည် အောက်ဖော်ပြပါ IT နှင့်ဆက်စပ်သော လုပ်ငန်းအမျိုး အစားများတွင် အလုပ်အကိုင်ရရှိနိုင်ရန် ရည်ရွယ်သည်။

### CIO (Chief Information Officer) သတင်းအချက်အလက်စုစည်းမှုတာဝန်အရှိဆုံးပုဂ္ဂိုလ်

လုပ်ငန်းများတွင်လည်း IT နည်းပညာအသုံးပြုမှုကျယ်ပြန့်လာပြီး၊ စီမံခန့်ခွဲမှုကဏ္ဍတွင် IT ၏ ထောက်ပံ့မှုကြီးမားလာသည်နှင့်အမျှ IT ဗျူဟာမြောက် လုပ်ငန်းခွင်စီမံခန့်ခွဲမှုဆိုင်ရာ CIO သည်အရေးပါလာခဲ့သည်။ CIO သည် လုပ်ငန်းခွင်စီမံခန့်ခွဲမှုဗျူဟာစီမံကိန်းနှင့် ဆက်နွယ်သောအရာဖြစ်ပြီး၊ လုပ်ငန်းခွင်ဆိုင်ရာ ဗျူဟာများကို အကောင်ထည်ဖော်ဆောင်နိုင်စေရန်အတွက် ပတ်ဝန်းကျင်ကောင်း တည်ထောင်ရန် သတင်းအချက်လက်ဗျူဟာများကိုချမှတ်ကာ လုပ်ငန်းခွင်အတွင်းရှိအမျိုးမျိုးသော ဗဟုသုတပညာရပ်များကို သတင်းအချက်လက်ဆိုင်ရာစနစ်အဖြစ် အသွင်ပြောင်းပေးသည့် အဆင့်မြင့်ကျွမ်းကျင်လုပ်သားဖြစ်သည်။

### ပရောဂျက်မန်နေဂျာ

ပရောဂျက်မန်နေဂျာဆိုသည်မှာ လုပ်ငန်းခွင်အတွင်း စီမံခန့်ခွဲမှုအရင်းအမြစ်ကိုပိုင်ဆိုင် အသုံးချသူဖြစ်ပြီး သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအသစ်များကို သင့်တော်စွာ ထည့်သွင်းကာ ပရောဂျက်တစ်ခုလုံးကို စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာလည်ပတ်စေခြင်း တို့ကို ပြုလုပ်သည့် အဆင့်မြင့်ကျွမ်းကျင်လုပ်သားဖြစ်သည်။ ထို့ကြောင့် IT နှင့်စီမံခန့်ခွဲမှု ဘာသာရပ်ဆိုင်ရာ ဗဟုသုတရှိနေရန်လိုအပ်သည်။ တဖန် ပရောဂျက်ဟူသည် ဌာနပေါင်းစုံဖြင့် ဖွဲ့စည်းထားသောကြောင့် ကျွမ်းကျင်စွာလူမှုပေါင်းသင်းဆက်ဆံရေးနှင့် ခေါင်းဆောင်နိုင်စွမ်းတို့သည်လည်းအရေးပါလှသည်။

### အဆင့်မြင့် SE, Web System တည်ထောင်သူနည်းပညာရှင်

အဆင့်မြင့် SE သည် ပရောဂျက်မန်နေဂျာ ကိုကူညီရန်အတွက်ဖြစ်ပြီး ပရောဂျက်စီမံခန့်ခွဲမှု ကိုလုပ်ဆောင်သော အင်ဂျင်နီယာဖြစ်သည်။ နည်းပညာရပ်ဆိုင်ရာသာမက၊ ကုန်ကျစရိတ် နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စီမံမှု စသည့်အချက်များကိုလည်း ကောင်းမွန်စွာ နားလည်သဘောပေါက်ရန် လိုအပ်သည်။ Web-System သည် တည်ထောင်သူနည်းပညာရှင်သည် ပရောဂျက်မန်နေဂျာနှင့် အဆင့်မြင့် SE ၏လမ်းညွှန်မှုအတိုင်း နောက်ဆုံးပေါ် IT ကျွမ်းကျင်မှုကို အသုံးပြု၍ စနစ်ဖန်တီးမှုအား လက်တွေ့အကောင်အထည်ဖော်မှုကိုလုပ်ဆောင်သည်။

### စနစ်ပေါင်းစည်းမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

ဂျပန်နိုင်ငံတွင် လုပ်ငန်းတွင်း IT ပညာရှင်များမလုံလောက်ခြင်း၊ IT နည်းပညာများ တိုးတက်လာခြင်းတို့ကြောင့် ကုမ္ပဏီပြင်ပ IT အကြံပေးကုမ္ပဏီများသည် အရေးပါသောကဏ္ဍတွင် ရှိသည်။ စနစ်ပေါင်းစည်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဆိုသည်မှာ ဧည့်သည်၏လုပ်ငန်းခွင် စီမံခန့်ခွဲမှုနှင့်ကိုက်ညီသော စီးပွားရေးစနစ်ပြောင်းလဲခြင်းအစီအစဉ်နှင့်ဆက်စပ်သည့် အတိုင်ပင်ခံဖြစ်ပြီး၊ လက်ရှိ နိုင်ငံတကာစီးပွားရေး ပြိုင်ဆိုင်မှုများကို ရင်ဆိုင်နိုင်သော ကုမ္ပဏီဖြစ်လာစေရန် အကြံပြုပေးသည့် အဆင့်မြင့်ကျွမ်းကျင်လုပ်သားဖြစ်သည်။ ဧည့်သည်၏လိုအပ်ချက်ကို သဘောပေါက် နားလည်ပြီး သင့်တော်သော ပြင်ဆင်မှုများကို ပြုလုပ်နိုင်ရန် IT၊ စီမံခန့်ခွဲမှု၊ လူမှုဆက်ဆံရေးစသည့် ကျွမ်းကျင်မှုများ လိုအပ်သည်။

### Web-Marketing ကျွမ်းကျင်သူ

e-business site ကိုဖန်တီးရန်အတွက် Web နည်းပညာများနှင့် အင်တာနက်ဝန်ဆောင်မှုနှင့် ဆက်စပ်သော ဗျူဟာဆိုင်ရာအခြေခံအသိပညာများ၊ စားသုံးသူများ၏ အင်တာနက်ပေါ်တွင်လုပ်ဆောင်မှုများကို ထောက်လှမ်းနိုင်ရန် မားကတ်တင်းနည်းပညာများကိုသိရှိပြီး e-business ကို အဆင့်မြင့်ကျွမ်းကျင်လုပ်သားဖြစ်သည်။ ကုန်ပစ္စည်း စီးဆင်းမှုနှင့်ဆိုင်သော ဗဟုသုတ၊ စီးဆင်းမှုစနစ်နှင့် အာမခံထိန်းသိမ်းမှု စသည့် Network နှင့်သက်ဆိုင်သော အဆင့်မြင့် ဗဟုသုတ၊ နည်းပညာ များလိုအပ်မည်။

### စနစ် စီမံဖန်တီးသူ

စနစ်စီမံဖန်တီးသူဆိုသည်မှာ လုပ်ငန်းများ၏ IT ဗျူဟာပြင်ဆင်မှုအတွက် လိုအပ်သော အဓိက အကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ အဖြေထုတ်ခြင်းမူဘောင်ကို ချမှတ်ကာ ရှိနှင့်သော ရှုပ်ထွေးသည့် စနစ်များနှင့် ကိုက်ညီမှုကိုရယူကာ စနစ်၏ဖွဲ့စည်းမှုအသစ်ကို ရေးဆွဲသည့် အဆင့်မြင့် ပြင်ဆင်ချိတ်ဆက်ပေးသော အဆင့်မြင့်ကျွမ်းကျင်လုပ်သားဖြစ်သည်။ လုပ်ငန်းဗျူဟာနှင့် လက်တွေ့စနစ်ဖန်တီးမှုကိုချိတ်ဆက်ပေး သောလုပ်ငန်းကို လုပ်ဆောင်သည်။ ထို့ကြောင့် IT ကျွမ်းကျင်မှုအပြင် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ အုပ်ချုပ်နိုင်မှု တို့လိုအပ်သည်။

### သတင်းအချက်အလက်လုံခြုံရေး အကြံပေးပုဂ္ဂိုလ်

သတင်းအချက်အလက်ဆိုင်ရာကွန်ယက်သည် e-commerce နှင့် IoT (Internet of Things) များကိုအကောင်အထည်ဖော်နိုင်ရေးတွင် မရှိမဖြစ်လိုအပ်သော ပြင်ဆင်မှုဖြစ်သည်။ တစ်ဖက်တွင်လည်း ထိုကွန်ယက်များကိုလွှမ်းခြုံထားသည့် Security Risk သည်ဆက်လက် ကျယ်ပြန့်လျက်ရှိသည်။ အာမခံထိန်းသိမ်းထားရှိနိုင်မှုသည် အရေးကြီးလျက်ရှိသည်။ သတင်းအချက်အလက်လုံခြုံရေး အကြံပေးပုဂ္ဂိုလ်သည် ဧည့်သည်များ၏ အရေးကြီးအချက်လက်များကို ကာကွယ်ရေးအတွက် အကြံပေးဆောင်ရွက်ပေးရသည်။ ဧည့်သည်၏အခြေအနေကို လက်ခံသဘောပေါက်ပြီး သင့်တော်သော ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန်အတွက် စီမံခန့်ခွဲမှုနှင့် ပေါင်းသင်းဆက်ဆံမှု စွမ်းရည် တို့လိုအပ်သည်။

### Content ဖန်တီးတီထွင်စီမံခန့်ခွဲသူ

ရုပ်ရှင်၊ Animation နှင့် ဂိမ်းဆော့ဖ်ဝဲလ်စသည့် မီဒီယာ Content တီထွင်မှုတွင် content ဖန်တီးစီမံသူသည် ပရောဂျက်အဖွဲ့တစ်ခုလုံးကို စီမံရသည်။ ပထမဆုံး လုပ်ငန်းအစီအစဉ်ကို ရေးဆွဲကာ ပူးပေါင်းဖန်တီးမည့် ကုမ္ပဏီနှင့်ညှိနှိုင်းပြီး လက်တွေ့ကျသော ဘတ်ဂျက်ကိုရေးဆွဲသည်။ ဆက်လက်၍ ဖန်တီးထားသော ဇာတ်ကောင်ကို မည်ကဲ့သို့ အသုံးပြုပြီး ရင်းနှီးမတည်ငွေရှာဖွေမည်ကို စီမံရသည်။ ယခင်ရှိပြီးသား ရလဒ် နှင့် လက်ရှိဈေးကွက်အခြေအနေကို ခွဲခြမ်းစိတ်ဖြာကာ အဖွဲ့အစည်းကို စည်းလုံးညီညွတ်စေသောခေါင်းဆောင်နိုင်မှုစွမ်းရည် လိုအပ်သည်။

### ဒေတာ ဆန်းစစ်သူ

ဒေတာဆန်းစစ်သူများသည် စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဖောက်သည်များ၊ ထုတ်ကုန်များအကြောင်း ဒေတာအစုံအလင်ကို စုစည်းကာ ဒေတာ၏ ကြန်အင်လက္ခဏာများနှင့် လားရာများကို ဓမ္မဒိဋ္ဌာန်ကျကျ အနုစိတ် ခွဲခြမ်းစိတ်ဖြာ လေ့လာသည်။ ထို့နောက် ၎င်းတို့သည် စီမံခန့်ခွဲမှုနှင့် စနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြဿနာရပ်များအတွက် အဆိုပြု ဖြေရှင်းချက်များကို ပြုစုတင်ပြသည်။ စိုက်ပျိုးရေးနှင့် ဆေးပညာကဏ္ဍများတွင် Big Data (စားသုံးသူဒေတာ) အသုံးပြုမှုမှာ မကြာသေးမီ နှစ်များအတွင်း တိုးတက်များပြားလာသလို ယင်း Big Data အသုံးချသည့် နယ်ပယ်မှာလည်း ဆက်လက်ကျယ်ပြန့်လာလျက်ရှိသည်။ ဒေတာဆန်းစစ်ခြင်းပညာရပ်မှာ ဈေးကွက်နှင့် စီမံခန့်ခွဲမှု ဗဟုသုတ၊ စာရင်းအင်းပညာ ဆန်းစစ်မှုနှင့် ဒေတာ mining ကဲ့သို့ IT ကျွမ်းကျင်မှုများ၊ ဘောင်ခတ်ခြင်းနှင့် စမ်းသပ်ခြင်း အယူအဆများကို အခြေခံသည့် ယုတ္တိကျသော တွေးခေါ်မှု ပညာများ လိုအပ်သည်။

# ပညာရေး ရည်မှန်းချက်များ

ကျောင်းသားများကို သင်ကြားပို့ချရာတွင် ကျောင်း၏ အဓိက တာဝန်နှင့် ရည်ရွယ်ချက်များ ပြည့်မြောက်စေရန် ဝဘ် စီးပွားရေးလုပ်ငန်းနည်းပညာ အထူးပြုအတွက် အောက်ပါအတိုင်း သင်ကြားရေးရည်မှန်းချက်များ ချမှတ်ထားသည်-

### ၁) အခြေခံပညာရပ်များ တတ်မြောက်ရေး

ကျောင်းသားများအနေဖြင့် စီးပွားရေးလုပ်ငန်း တိုးတက်စေရေး အခြေခံအုတ်မြစ်များဖြစ်သည့် လူမှုရေးနှင့် ဆက်ဆံရေး ကျွမ်းကျင်မှုများကို သင်ယူတတ်မြောက်ရန် မျှော်မှန်းသည်။ ထို့အပြင် IT/ICT ၏ အဆောက်အအုံဖြစ်သည့် ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲကဲ့သို့ အခြေခံ နည်းပညာများကို ကျောင်းသားများက နားလည်သဘောပေါက်ရန်လည်း မျှော်မှန်းသည်။

### ၂) စီမံရေးနှင့် ဒီဇိုင်းရေးဆွဲခြင်း စွမ်းရည်တိုးတက်မှု

ကျောင်းသားများအနေဖြင့် ၁) လက်ရှိနှင့် အနာဂတ် စီးပွားရေးလုပ်ငန်းများ၏ လားရာနှင့် ယင်း၏ အထောက်အကူပြု IT/ICT တို့ကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြု လေ့လာဆန်းစစ်ခြင်း။ ၂) ကုမ္ပဏီနှင့် လူ့အဖွဲ့အစည်း စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် ယုတ္တိကျသော ချဉ်းကပ်မှုတစ်ခုကို စီမံရေးဆွဲ အဆိုပြုခြင်းတို့ဆိုင်ရာ စွမ်းရည်များ တိုးတက်လာရန် မျှော်မှန်းသည်။ ထို့အပြင် အဆိုပြု စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်မည့်စနစ်နှင့် အကြောင်းအရာအမျိုးမျိုးကို ဒီဇိုင်းရေးဆွဲနိုင်စွမ်းရှိရန်လည်း မျှော်မှန်းသည်။

### ၃) ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေး စွမ်းရည်တိုးတက်မှု

ကျောင်းသားများအနေဖြင့် ဆော့ဖ်ဝဲတည်ဆောက်မှုမှတစ်ဆင့် စီမံ ဒီဇိုင်းပြုလုပ်ထားသော စနစ်များ၊ အကြောင်းအရာများကို မိမိတို့ ကိုယ်တိုင် အသုံးချနိုင်စွမ်း သို့မဟုတ် အမှန်သုံးစွဲသူများအား ပေးအပ်နိုင်စွမ်း ရှိလာရန် မျှော်မှန်းသည်။ ဤ လုပ်ငန်းစဉ်တွင် ကျောင်းသားများမှာ စနစ်များ၊ အကြောင်းအရာများကို ရေးဆွဲ၊ မောင်းနှင်ရန် လိုအပ်သော ကိရိယာအမျိုးမျိုးနှင့် ကုတ်သင်္ကေတဆိုင်ရာ လက်တွေ့အသိပညာ တိုးတက်မြင့်မားလာစေရန် မျှော်မှန်းသည်။

### ၄) ပညာရှင်ဆန်သော သတိပြုနားလည်မှုနှင့် ကျင့်ဝတ်တို့ကို အားပေးမြှင့်တင်ခြင်း

ကျောင်းသားများအနေဖြင့် စီးပွားရေးလုပ်ငန်းစဉ်များကို တာဝန်ရှိရှိ ဦးဆောင်နိုင်စွမ်းရှိရန် မျှော်မှန်းသည်။ စီးပွားရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်တိုးတက်နေစေရန် ကျောင်းသားများအား ပညာရှင်ကျင့်ဝတ်အမြင်နှင့် သတိပြုထိန်းသိမ်းမှုတို့ အဆင့်မြင့်မားစေရန် မျှော်လင့်သည်။ ၎င်းအချက်နှစ်ချက်ကို ပေါင်းစပ်လျက် ကျောင်းသားများအနေဖြင့် အဖွဲ့အစည်းများကို စီမံခန့်ခွဲနိုင်သော လက်တွေ့ခေါင်းဆောင်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုင်ဆိုင်ရရှိလာစေရန် မျှော်လင့်ပါသည်။

# သင်ရိုးညွှန်းတမ်း မူဝါဒများ

ကျောင်း၏ အဓိကတာဝန်နှင့် ရည်ရွယ်ချက်များနှင့်အညီ ကျောင်းသားများအနေဖြင့် မိမိတို့ ရွေးချယ်သည့် IT လုပ်ငန်းနယ်ပယ် တိုးတက်ရေးကို တက်ကြွစွာ ဆောင်ရွက်နိုင်မည့် IT/ICT စီမံခန့်ခွဲမှု စွမ်းရည်များ ပိုင်ဆိုင်သည့် အဆင့်မြင့် အထူးကျွမ်းကျင်သော ပညာရှင်များဖြစ်လာအောင် လေ့ကျင့်ပေးနိုင်မည့် သင်ရိုးညွှန်းတမ်းကို ပြုစုထားသည်။

### ၁။ သင်ရိုးညွှန်းတမ်းကို အောက်ပါအုပ်စုများအဖြစ် ခွဲခြားထားပါသည် -

- အဓိက အထူးပြု ဘာသာရပ်များ- သတ်မှတ်ပညာရပ်နယ်ပယ်အကြောင်း အသိပညာများ စနစ်တကျ ထဲထဲဝင်ဝင် လေ့လာနိုင်စေရန် စုစည်းထားသည့် သင်တန်းများ
- အသုံးချနယ်ပယ်အလိုက် သင်တန်းများ- အထူးလုပ်ငန်း ကဏ္ဍတစ်ခုစုရှိ စီးပွားရေးနှင့် IT ကျွမ်းကျင်သူများ၏ လုပ်ငန်းခွင် အသုံးချနည်းပညာနှင့် ကျွမ်းကျင် မှုများ ရရှိလာစေရေးအတွက် လက်တွေ့ ဖြစ်စဉ် လေ့လာမှုနှင့် ပရောဂျက် အခြေခံ သင်ယူမှုများ ကို အလေးပေး ပို့ချသည့် သင်တန်းများဖြစ်သည်။
- အထောက်အကူပြု စိတ်ကြိုက်ရွေးစရာများ- အဓိက အထူးပြုဘာသာရပ်များနှင့် လုပ်ငန်းကဏ္ဍ ဘာသာရပ်များကို အားဖြည့် ကူညီမည့် နည်းပညာလားရာ၊ အဆင့်မြင့် သီအိုရီ သင်တန်းများအပြင် အထောက်အကူပြု စွမ်းရည်သင်တန်းများ ပါဝင်သည်။

### ၂။ သင်တန်း မှတ်ပုံတင်စာရင်းသွင်း မိုဒယ်နှင့် နည်းလမ်းများ

သင်ယူရေး ရည်မှန်းချက်များနှင့် ၎င်းတို့၏ နှစ်သက်မှုအရ ကျောင်းသားများက အဓိက အထူးပြု ဘာသာတစ်ခုကို ရွေးချယ်သည်။ ယင်း အဓိကအထူးပြုဘာသာတွင် ပညာရပ်နယ်ပယ် အမျိုးမျိုး၌ အခြေခံမှသည် IT ဆက်နွယ် အထူးပြုကဏ္ဍ လက်တွေ့အသုံးချမှု အထိ ကျယ်ပြန့် နက်ရှိုင်းသော အသိပညာနှင့် ကျွမ်းကျင်မှုများ ရရှိစေနိုင်မည့် သင်တန်းများ စုစည်းထားသည်။ ထို့အပြင် မိမိစိတ်ကြိုက်ရေးဆွဲနိုင်သည့် သင်ရိုးညွှန်းတမ်းက ကျောင်းသားများအား မိမိတို့ လိုအပ်ချက်၊ ရည်မှန်းချက်များနှင့် ကိုက်ညီသည့် လေ့လာမှု၊ သုတေသနပြုမှုတို့နှင့် စပ်လျဉ်းသော သင်တန်းများကို စိတ်တိုင်းကျ ရွေးချယ်ခွင့်ပြုသည်။ ကျောင်းသားများ၏ သင်ယူမှုမှသည် ပညာရပ်ပိုင်း အသုံးချနိုင်မှုအထိ တိုးချဲ့နိုင်ရန် သင်ရိုးညွှန်းတမ်းများ၌ လုပ်ငန်းနယ်ပယ် အများစုရှိ လက်တွေ့ နည်းပညာ အသုံးချမှု အပိုင်းကိုလည်း အထူး အလေးပေးထားသည်။ ကျောင်းသားများသည် မိမိတို့ သင်ယူထားသည့် အသိပညာများကို အချို့ ပြဿနာများအတွက် အသုံးချ ဖြေရှင်းခြင်းအပြင် လုပ်ငန်းအမျိုးမျိုးအတွက် ဒီဇိုင်းနှင့် အစီအမံများ ဖန်တီး ရေးဆွဲကြရမည် ဖြစ်သည်။ လုပ်ငန်းကဏ္ဍ သင်တန်းများမှာ ကျောင်းသားများ၏ အဓိက အထူးပြု ဘာသာရပ်များကို အထောက်အကူပြုစေရန် ရည်ရွယ်သည်။

### ၃။ ဘွဲ့လွန် ပရောဂျက်

သင်ခန်းစာပို့ချမှုများနှင့်အတူ ဘာသာရပ်ဌာန၏ လမ်းညွှန်မှုရယူကာ ဘွဲ့လွန် ပရောဂျက်တစ်ခုကို ဆောင်ရွက်စေခြင်းအားဖြင့် ကျောင်းသားများမှာ မိမိတို့ စိတ်ဝင်စားမှု နယ်ပယ်ကို လေ့လာရင်း လက်တွေ့ အသုံးချ စွမ်းရည်များ ပြုစုပျိုးထောင်ပေးရန် သင်ရိုးညွှန်းတမ်းကို ဒီဇိုင်းရေးဆွဲထားသည်။

### ၄။ အပြောင်းအလဲအတွက် တုံ့ပြန်မှုများ

ကျောင်း၏ သင်ရိုးညွှန်းတမ်းများသည် IT/ICT ကဏ္ဍ၏ လျင်မြန်သော အပြောင်းအလဲများကို လိုက်၍ အချိန်ကိုက် တုံ့ပြန်နိုင်သည်။ ကျောင်းအနေဖြင့် ဂျပန်နှင့် ပြည်ပနိုင်ငံများ၌ အရည်အသွေးမြင့် ပညာရှင်များအတွက် လိုအပ်သော လုပ်ငန်းဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲများနှင့်အညီ သင်ရိုးညွှန်းတမ်းများကို အမြဲ ပြန်လည်သုံးသပ် ပြုပြင်လျက် ရှိသည်။

# ဘွဲ့ဒီပလိုမာ မူဝါဒများ

ကျောင်းသည် အောက်ပါ အချက်များနှင့် ပြည့်စုံသော ကျောင်းသားများအား မဟာဘွဲ့ အပ်နှင်းသည်-

၁) ကြိုတင်ပြဌာန်းထားသော သင်ခန်းစာ လေ့ကျင့်ခန်းများကို သတ်မှတ် အချိန်အတွင်း အပြည့်အဝ ပြီးစီးခြင်း (ဉပမာ- စာသင်နစ်ဝက် ၄ ခု)
၂) ဘွဲ့အတွက် ကြိုတင်သတ်မှတ်ထားသော ခရက်ဒစ်ရမှတ်များ အပြည့်အဝ ပြီးစီးခြင်း

ကျောင်းသားများတွင် အောက်ပါအရည်အသွေးများရှိရန် ကျောင်းက မျှော်မှန်းသည် -

(က) မိမိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ကျေးဇူးပြုသူများဖြစ်လာအောင် အခြေခံ အသိပညာများ ရယူတိုးပွားချဲ့ထွင်ရန်
(ခ) ကျောင်းသားက ရွေးချယ်ထားသည့် နယ်ပယ်မှ ဤအသိပညာကို အသုံးပြု၍ အဆင့်မြင့် ကျွမ်းကျင်ပညာရှင်များ ဖြစ်လာစေရန်
မိမိ အသက်မွေးမှုလုပ်ငန်းတွင် ထင်ရှား လေးစားခံရသူများဖြစ်လာအောင် ကျင့်ဝတ်ဆိုင်ရာ အဆင့်မြင့် ပြုမူနေထိုင်မှုများ ပြုကျင့်စေရန်

# အရည်အသွေးမြင့်မားသော သတင်းအချက်အလက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ ပေါ်ထွန်းရန် ပေါင်းစပ်ပရိုဂရမ်များ

KCGI ကျောင်း၏ ခံယူထားသော ရည်မှန်းချက်တစ်ခုမှာ အရည်အသွေးမြင့်မားသော သတင်းအချက်အလက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူဘွဲ့ရများ မွေးထုတ်ပေးရန်ဖြစ်သည်။ အဆိုပါ ရည်မှန်းချက် အောင်မြင်ရေးအတွက် ကျောင်းသားများ၏ ပညာရေး ရည်မှန်းချက် အမျိုးမျိုးနှင့်ကိုက်ညီမည့် သင်တန်းအပ်နှံမှုအမျိုးမျိုးကို ကျောင်းသား မောင်းနှင်သည့် ပရောဂျက်များ၊ လေ့ကျင့်များနှင့် ပေါင်းစပ်လျက် စုပေါင်းသင်ရိုးညွှန်းတမ်းများ ရေးဆွဲထားသည်။




### ■ အထူးပြုဘာသာရပ်ကို ရရှိပိုင်နိုင်စေခြင်း

အရည်အသွေးမြင့်မားသော သတင်းအချက်အလက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးအနေဖြင့် IT အကြောင်း ကျယ်ပြန့်လွန်းသည့် ပညာရပ်နယ်ပယ်တစ်ခုလုံးကို သိရှိရန် မျှော်လင့်ခြင်းမှာ လက်တွေ့မကျပေ။ ကျောင်းသားများအနေဖြင့် အထူးပြု ခွဲထုတ်လေ့လာနိုင်ရန် KCGI က နယ်ပယ်အချို့ကို သတ်မှတ်ကာ အဆိုပါ နယ်ပယ်များအတွက် သင်ရိုးညွှန်းတမ်းများ ရေးဆွဲထားသည်။ အဆိုပါ အဓိက အထူးပြုဘာသာရပ်များမှာ ကျောင်းသားများအား ၎င်းတို့ ရွေးချယ်သည့် နယ်ပယ်အလိုက် အခြေခံမှသည့် လက်တွေ့အသုံးချ နည်းပညာ တတ်ကျွမ်းမှုအထိ ကျယ်ပြန့် နက်ရှိုင်းသော အသိပညာများ လေ့လာဆည်းပူးစေနိုင်မည် ဖြစ်သည်။

### ■ လူ့ဘောင်အသိုင်းအဝိုင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းလုပ်ဆောင်ပေးနိုင်ခြင်း

မျက်မှောက်ခေတ် လုပ်ငန်းကဏ္ဍအားလုံးတွင် အကျိုးထိရောက်မှု တိုးမြှင့်ရန်၊ အသိပညာ စုဆောင်းရန်နှင့် ပြဿနာဖြေရှင်းရန်တို့အတွက် အသုံးချ IT ပညာ လိုအပ်ချက်မှာ ပုံမှန် တိုးတက်လျက်ရှိပြီး KCGI သည် အဆိုပါ လိုအပ်ချက်များကို တုံ့ပြန်သည့်အနေဖြင့် ပြဿနာများကို ဖြေရှင်းရင်း လက်တွေ့ လေ့လာမှုများမှတစ်ဆင့် ကျောင်းသားများက ပညာရပ်နယ်ပယ်တစ်ခုကို ရွေးချယ်ကာ အဆိုပါ နယ်ပယ်ရှိ IT ကို လေ့ကျင့်စေနိုင်မည့် အသုံးချနယ်ပယ်အလိုက် သင်တန်းများကိုလည်း စုစည်းပေးထားသည်။

### ■ ဖန်တီးနိုင်စွမ်းနှင့် လက်တွေ့အသုံးဝင်သောစွမ်းရည်များကို သရုပ်ပြနိုင်ခြင်း

အရည်အသွေးမြင့်မားသော သတင်းအချက်အလက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးသည် သင်တန်းတစ်ခုစီမှ ရရှိထားသော အသိပညာကို လက်တွေ့ ပြဿနာများအတွက် အဖြေရှာရာတွင် အသုံးချနိုင်ရမည် ဖြစ်သည်။ မိမိကိုယ်ပိုင် ဉာဏ်စွမ်းဉာဏ်စဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အစီအစဉ်ရေးဆွဲ၊ ဒီဇိုင်းပြုလုပ်ကာ အဆိုပါ ဖြေရှင်းချက်များ၏ အကျိုးကျေးဇူးကို အခြားသူများထံ ပေးအပ်နိုင်ရမည်။ ကော်ာင်းသားမ်ားအေနျဖင့် လိုအပ်သော အသိပညာမ်ား ရရွိသည္ဟာ သေခ်ာစေရန် ပေရာဂ်က္ႀကီးၾကပ္သူတစ္ဦး၏ လမ္းညႊန္မႈေအာက္တြင္ က်ယ္ျပန္႔ေသာ ေအကြောင်းအရာ တစ္ခုခုအတြက္သာမက သုတေသနပရောဂျက်များ/ တစ်ဦးခ်င်းလေ့လာမှုများ အတြက္ပါ ၾသြလြန္ေရာက္ကြ္ေသာ သင်ရိုးညွှန်းတမ်းတစ္ခုကို သင်ယူရမည့်ျဖစ်သည်။

### ■ ကျွမ်းကျင်ဆရာများမှ ရှင်းလင်းသင်ပြခြင်း

အရည်အသွေးမြင့်မားသော သတင်းအချက်အလက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများမှာ အမှန်ကြုံတွေ့လာသည့် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိကာ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်၌ လက်တွေ့ဖြေရှင်းချက်များကို ပေးစွမ်းနိုင်အောင် အထူးလေ့ကျင့်ပေးထားသူများအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍကို ထမ်းဆောင်ရန် မျှော်မှန်းထားသည်။ ယင်းနှင့်ပတ်သက်၍ KCGI မှ ကျောင်းသားများ အလုပ်သင်အဖြစ်လျှောက်ထားကြရန် တိုက်တွန်းအားပေးလိုပါသည်။ အလုပ်သင်များအဖြစ်တွင် ကျောင်းသားများ၏နည်းပညာပိုင်းကျွမ်းကျင်မှုအဆင့်များအားမြှင့်တင်ပေးနိုင်ပြီး ၎င်းတို့၏ပြဿနာဖြေရှင်းမှုစွမ်းရည်များကိုပါ ထက်မြက်လာစေသော လက်တွေ့အတွေ့အကြုံပိုင်းဆိုင်ရာ အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သည်။

သင်ကြားပို့ချမှုဆိုင်ရာမော်ဒယ်များနှင့် ပရောဂျက်များ၏တာဝန်၊ ယင်းအလားတူများစုစည်းမှုကို ကျောင်းသားများအားလုံးတွင် တသတ်မှတ်တည်း သတ်မှတ်ထားခြင်းမရှိပေ။ ထို့အပြင် ကျောင်းသားများသည် ၎င်းတို့၏စိတ်ပါဝင်စားမှု၊ စိတ်အားထက်သန်မှုနှင့် လေ့လာမှုအတိမ်အနက်အရ ရွေးချယ်မှုအတိုင်းအတာများကို ပေါင်းစည်းနိုင်မည်ဖြစ်သည်။ KCGI သည် ကျောင်းသားများအနေဖြင့် အရည်အသွေးမြင့်မားသော သတင်းအချက်အလက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများဖြစ်ရန် လိုအပ်သော အသိပညာနှင့် နည်းစနစ်များအား အသေအချာ လေ့လာသိရှိစေရင်း အခြားတစ်ဖက်မှလည်း ၎င်းတို့ စိတ်ကြိုက် ဘာသာရပ်များကို လွတ်လပ်စွာ ရွေးချယ်နိုင်စေရန် သင်ရိုးညွှန်းတမ်းများကို ဒီဇိုင်းရေးဆွဲထားသည်။



# သင့်သင်တန်းများ ပေါင်းစုရေးဆွဲခြင်း

KCGI ၌ သတင်းအချက်အလက်နည်းပညာ မဟာဘွဲ့ (MS in IT) ရရှိရန် ကျောင်းသားအားလုံးသည် သတ်မှတ်ထားသော ခရက်ဒစ်ရမှတ်အရေအတွက် အောင်မြင်စွာ ပြီးစီးကာ မဟာဘွဲ့ ပရောဂျက်ကိုလည်း ပြီးစီးရန် လိုအပ်သည်။ KCGI ၌ သင်ကြားသည့် သင်တန်းများကို အောက်ပါအတိုင်း ၃ ခု ခွဲခြားထားသည်- အဓိက အထူးပြုဘာသာရပ်များ၊ အသုံးချနယ်ပယ်အလိုက်သင်တန်းများနှင့် အထောက်အကူပြု စိတ်ကြိုက်တွဲများတို့ ဖြစ်သည်။ ဝဘ်-အခြေခံ စီးပွားရေးနှင့် ဆိုင်သော သင်တန်းအများအပြားအနက် ဆက်နွယ်သော အသိပညာ၊ ကျွမ်းကျင်မှုလိုအပ်ချက် မြင့်မားကာ အသုံးချ နယ်ပယ်၏ အာရုံစိုက်မှုကို ရရှိသည့် သင်တန်းများကို KCGI က ရွေးချယ်ထားသည်။ ထို့နောက် အဆိုပါ သင်တန်းများကို သင်ရိုးညွှန်းတမ်းများအဖြစ် ကျောင်းက ပြန်လည်အုပ်စုခွဲကာ ကျောင်းသားများအား ထိထိရောက်ရောက် အထူးပြု လေ့လာစေခြင်း ဖြစ်ပါသည်။ ကျောင်းသားများ မိမိစိတ်ကြိုက်နည်းဖြင့် လွတ်လွတ်လပ်လပ် လေ့လာနိုင်စေရန် သင်ရိုးညွှန်းတမ်းဒီဇိုင်းက ကျောင်းသားများအား မိမိ အထူးပြု နယ်ပယ်နှင့် မဆိုင်သော သင်တန်းများကိုပါ ရွေးချယ်ခွင့်ပြုထားသည်။

| | |
|---|---|
| **အဓိက အထူးပြု ဘာသာရပ်များ** | ကျောင်းသားများသည် IT-ဆက်စပ်အသိပညာဆိုင်ရာ ကျယ်ပြန့်သောနယ်ပယ်ထဲတွင် သီးခြား၊ အထူးပြုနယ်ပယ်ကဏ္ဍကို ရွေးချယ်ပြီး အဆိုပါအတိုင်းအတာအတွင်း ၎င်းတို့၏အသိပညာကို ပိုမိုနက်နဲလာစေနိုင်မည်ဖြစ်သည်။ အထူးပြုထားပြီး လုံလောက်သော ကျယ်ပြန့်သည့်အိပညာအခြေခံကို ကျောင်းသားများ ရရှိစေနိုင်ရန်အတွက် သင်တန်းများကို နယ်ပယ်စုံတွင် အုပ်စုများဖွဲ့ထားသည်။ |
| ERP | ကျောင်းသားများသည် လူ၊ ကုန်ပစ္စည်းများ၊ ပိုက်ဆံဆိုင်ရာသတင်းအချက်အလက်များကိုစီမံခန့်ခွဲရန်နှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာ၌ အထောက်အကူဖြစ်စေရန် ကုမ္ပဏီများအသုံးပြုသည့် စီးပွားရေးလုပ်ငန်းအရင်းအမြစ်စီစဉ်ရေးဆွဲခြင်း (ERP) စနစ်များကိုလေ့လာသင်ကြားနိုင်မည်ဖြစ်သည်။ |
| စီးပွားရေးဒေတာခွဲခြမ်းစိတ်ဖြာမှုများ | ကျောင်းသားများသည် ကလောက်နှင့် ဒေတာဘေ့စ်များထဲတွင်စုပုံနေသော သတင်းအချက်အလက်များကိုခွဲခြမ်းစိပ်ဖြာရန်နှင့် ထိရောက်မှုရှိသော ဆုံးဖြတ်ချက်ချမှတ်ရာ၌ ၎င်းတို့၏ခွဲခြမ်းစိပ်ဖြာမှုများအားအသုံးပြုနိုင်စေရန် လေ့လာသင်ကြားနိုင်မည်ဖြစ်သည်။ |
| နိုင်ငံတကာ စွန့်ဦးစွန့်စား စီးပွားရေးလုပ်ကိုင်မှု | အဆိုပါသင်ရိုးညွှန်းတမ်းတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းဆိုင်ရာစိတ်နေသဘောထား၊ ဦးစီးဦးဆောင်ပြုမှု၊ ဒေတာခွဲခြမ်းစိပ်ဖြာမှုနည်းလမ်းများနှင့်အသုံးပြုခြင်းအပါအဝင် IT စီးပွားရေးလုပ်ငန်းတွင် စွန့်ဦးတီထွင်လုပ်ကိုင်သူတစ်ဦးအနေဖြင့် ရရှိအောင်မြင်ရန်လိုအပ်သည့် အသိပညာနှင့်စွမ်းရည်များကို သင်ကြားပေးမည်ဖြစ်သည်။ |
| ဝက်ဘ်စနစ်များ တိုးတက်ဖြစ်ပေါ်မှု | အဆိုပါသင်ရိုးညွှန်းတမ်းရှိကျောင်းသားများသည် ဒေတာဘေ့စ်များနှင့်ကလောက်ဝန်ဆောင်မှုများနှင့်ချိတ်ဆက်နေသော ဝက်ဘ်ဆိုဒ်များကို စီစဉ်ပြုလုပ်ပုံနှင့် ဖန်တီးရေးဆွဲပုံတို့အပြင် PC နှင့်စမတ်ဖုန်းတို့အတွက် Web အက်ပလီကေးရှင်းများဖန်တီးပုံတို့ကို လေ့လာသင်ကြားနိုင်မည်ဖြစ်သည်။ |
| ကွန်ရက်စီမံထိန်းချုပ်မှု | ဤသင်တန်းတက်မည့် ကျောင်းသားများသည် မိမိ ရည်ရွယ်သည့် အသုံးချမှုအရ ကွန်ယက်များ တည်ဆောက်ခြင်း၊ ကလောက် ကွန်ပျူတင်းနှင့် လုံခြုံရေး စီမံမှု၊ ကလိုင်းယန့်/ဆာဗာ စနစ်အမျိုးမျိုး ရေးဆွဲတည်ဆောက်ခြင်းများကို သင်ယူကြရမည်။ |
| IT မန်ဂါနှင့်အန်နီမီ | အဆိုပါသင်ရိုးညွှန်းတမ်းတွင် ကျောင်းသားများအား ရုပ်ပုံကို အသက်သွင်းထားသော အမြင်ပိုင်းဆိုင်ရာအကြောင်းအရာများကို စီစဉ်၊ ထုတ်လုပ်ပုံအပြင် အဆိုပါအကြောင်းအရာများကို စီးပွားရေးလုပ်ငန်းတစ်ခုနှင့်ပေါင်းစပ်ပုံတို့ကို သင်ကြားပေးမည်ဖြစ်သည်။ |
| IT ခရီးသွားလုပ်ငန်း | ဤသင်ရိုးညွှန်းတမ်းတွင် ကျောင်းသားများမှာ ခရီးသွားလုပ်ငန်းမှ ICT အပ်ပလီကေးရှင်းများ၊ ခရီးသွားလုပ်ငန်းတွင် IT အကောင်အထည်ဖော်မှု၊ ခရီးစဉ်၊ နေထိုင်စားသောက်မှုနှင့် အခြား သတင်း အချက်အလက်များ စီမံမှုနှင့် ခရီးသွားလုပ်ငန်း အကြောင်းအရာ စီမံခြင်းနှင့် ဒီဇိုင်းရေးဆွဲမှုတို့ကို သင်ယူရမည်။ |
| ဖန်တီးပြုလုပ်ထားသော ဉာဏ်ရည်တု | ဤဘာသာရပ်တွင် ကျောင်းသားများသည် များပြားသောနယ်ပယ်များ၏ လက်တွေ့ကမဘာပေါ်မှုတည်၍ အခြေခံသီအိုရီနှင့်ဖန်တီးပြုလုပ်ထား သော ဉာဏ်ရည်တု(AI)အပ်ပလီကေးရှင်းများနှင့် ဆက်စပ်နည်းပညာများ၊ ပုံဆွဲရေးသားခြင်းတို့ကို သင်ယူနိုင်မည်ဖြစ်သည်။ တက်ရောက်သူများအနေဖြင့် AIဆက်စပ် ဆော့ဖ်ဝဲလ်ကျွမ်းကျင်မှုကိုလည်း ရရှိနိုင်ပြီး၊ ၎င်းတို့အားအသုံးချနည်း၊ AIနယ်ပယ်များ၌လက်တွေ့အသုံးချနည်းများကို သင်ယူလေ့လာနိုင်ပါသည်။ |

| | |
|---|---|
| **အသုံးချနယ်ပယ်အလိုက် သင်တန်းများ** | ဤသင်တန်းများသည် သက်ဆိုင်ရာ နယ်ပယ်ရှိ ပညာရှင်ဆိုင်ရာ အသိပညာ၊ နည်းပညာတို့အား လက်တွေ့အသုံးချမှုကို အလေးပေးသည်။ သင်တန်းများသည် လုပ်ငန်းကဏ္ဍတစ်မျိုးစီအတွက် အထူးပြုရေးဆွဲထားသည်။ လက်ချာများကို သက်ဆိုင်ရာ ကဏ္ဍနယ်ပယ်၌ လက်တွေ့ ထူးချွန်ထက်မြက်သူများက ပို့ချမည်ဖြစ်ကာ သင်ယူမည့် ကဏ္ဍတိုင်းရှိ နောက်ဆုံးပေါ် အဆင့်မြင့် လားရာများကို အမြဲထင်ဟပ်နေစေမည် ဖြစ်သည်။ |
| Fintech | Fintech သည် ဘဏ္ဍာရေးနယ်ပယ်တွင်အသုံးပြုထားသော IT ဖြစ်သည်။ အဆိုပါသင်တန်းများတွင် ဘဏများ၏အဓိကလည်ပတ်ဆောင်ရွက်ပုံအပြင် အီလက်ထရွန်နစ်ပိုက်ဆံ၊ အမြင်ပိုင်းဆိုင်ရာငွေကြေးများနှင့် အခြားသောဘဏ္ဍာရေးပိုင်းဆိုင်ရာနည်းပညာများ၏ လက်ရှိအနေအထားကိုပါ လေ့လာနိုင်မည်ဖြစ်သည်။ |
| စိုက်ပျိုးရေး | ကျောင်းသားများသည် စိုက်ပျိုးရေးတွင် IT အားအသုံးချပုံကို လေ့လာနိုင်မည်ဖြစ်သည်။ ခေါင်းစီးများတွင် စိုက်ပျိုးရာပတ်ဝန်းကျင်များ (စက်ရုံများတွင်ကဲ့သို့) ကိုထိန်းချုပ်ရန် IT အသုံးပြုခြင်းနှင့် ဖြန့်ချိရေးတွင် ပြုပြင်ပြောင်းလဲခြင်းတို့ ပါဝင်သည်။ |
| ရေကြောင်းပညာ | အဆိုပါသင်ရိုးတွင် သင်္ဘောတည်ဆောက်ခြင်း သတင်းအချက်အလက်နှင့်နည်းပညာနှင့် ပင်လယ်သွားလာရေး အသုံးပြုမှုများ ပါဝင်သည်။ ကျောင်းသားများသည် ရေကြောင်းထိန်းချုပ်မှုများနှင့် ပင်လယ်နေသတ္တဝါမွေးမြူရေးပတ်ဝန်းကျင် ထိန်းချုပ်မှုများကို လေ့လာရသည်။ |
| ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ | ကျောင်းသားများသည် ဆေးဝါးဆိုင်ရာနယ်ပယ်တွင် IT အသုံးပြုမှုများကို သင်ကြားရမည်ဖြစ်သည်။ ခြုံငုံမိသောခေါင်းစဉ်များတွင် အီလက်ထရောနစ်ဆေးဝါးဆိုင်ရာမှတ်တမ်းဒေတာများ စီမံခန့်ခွဲမှုနှင့် AI အသုံးပြု ရောဂါဗေဒနှင့် ဒေတာသရုပ်ဖော်ခြင်းများ ပါဝင်ပါသည်။ |
| အကြောင်းအရာပိုင်းဆိုင်ရာအရောင်းမြှင့်တင်ခြင်း | ကျောင်းသားများသည် မန်ဂါ၊ အန်နမီ၊ ဗီဒီယို၊ တေးသီးချင်းနှင့် အခြားသောမီဒီယာတို့ရှိ IT အက်ပလီကေးရှင်းများကို လေ့လာနိုင်မည်ဖြစ်သည်။ သင်ကြားပေးလျက်ရှိသောခေါင်းစဉ်များမှာ ထုတ်ကုန်လုပ်ငန်းစဉ်ဆိုင်ရာ ဒစ်ဂျစ်တယ်စနစ်ဖြင့်ဆောင်ရွက်ခြင်း၊ intellectual property right များကိုစီမံခန့်ခွဲခြင်းနှင့် အရောင်းမြှင့်တင်ခြင်းဗျူဟာတို့ဖြစ်ကြသည်။ |
| ပညာရေး | အဆိုပါသင်တန်းများတွင် ကျောင်းသားများသည် ပညာရေးနယ်ပယ်ထဲရှိ IT အက်ပလီကေးရှင်းများအကြောင်း လေ့လာသင်ယူနိုင်မည်ဖြစ်သည်။ ယင်းတို့တွင် ဒီဇိုင်းနှင့် e-learning အကြောင်းအရာများကို ထုတ်လုပ်ခြင်း၊ ဆက်သွယ်ရေးစနစ်အများအပြားနှင့် အခြားအရာများ ပါဝင်သည်။ |

| | |
|---|---|
| **အထောက်အကူပြု စိတ်ကြိုက်ရွေးစရာများ** | ဤသင်ရိုးညွှန်းတမ်းတွင် မည်သည့် အဓိက အထူးပြုဘာသာယူထားသည့် ကျောင်းသားမဆို လိုအပ်မည့် အခြေခံကျွမ်းကျင်မှုများကို သင်ကြားပေးသည့် သင်တန်းများ ပါဝင်သည်။ ဥပမာ ဆက်ဆံရေးနှင့် စီမံခန့်ခွဲမှု၊ ထိပ်တန်းအဆင့်မြင့် ICT အပ်ပလီကေးရှင်းနှင့် နည်းပညာ လားရာများ လက်တွေ့ လေ့လာမှုပါဝင်သော သင်တန်းများ စသည်တို့ ဖြစ်သည်။ အခြေခံမှသည် အသုံးချအဆင့်အထိ ရှုထောင့်မျိုးစုံမှ သင်တန်းများကို စုစည်းထားသဖြင့် ဤသင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ၏ လေ့လာမှုနယ်ပယ်ကို ပိုမိုကျယ်ပြန့် တိုးတက်စေမည် ဖြစ်သည်။ |
| ဆက်သွယ်ရေး | အဆိုပါသင်တန်းများ၏ကျောင်းသားများသည် စကားဝိုင်း၊ မိမိတစ်ယောက်တည်းပြောဆိုခြင်းနှင့်အခြားအခြေအနေများတွင် စွမ်းဆောင်ရည်များကိုမြှင့်တင်ခြင်းဖြင့် IT နှင့် စီးပွားရေးလုပ်ငန်းနယ်ပယ်များတွင် မည်ကဲ့သို့ ယုတ္တိကျကျနှင့် ရှင်းရှင်းလင်းလင်းဆက်သွယ်ဆက်ဆံရမည်ကို လေ့လာသင်ယူရမည်ဖြစ်သည်။ |
| စီမံခန့်ခွဲမှု | စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်၌ လိုအပ်သော စီမံခန့်ခွဲမှုဆိုင်ရာ အထွေထွေ နည်းလမ်းများကို ကျောင်းသားများက နားလည်အသုံးချနိုင်စွမ်း ရရှိလာစေမည်။ |
| ထုတ်လုပ်ဖြန့်ချိရေး | ထုတ်လုပ်ဖြန့်ချိရာတွင် တီထွင်ဖန်တီးမှုပိုမိုကောင်းမွန်စေရန်အတွက် အရည်အသွေးနှင့် တည်ဆောက်ပုံများကိုမြှင့်တင်ရန်ကြိုးပမ်းမှုများအတွက် အဆိုပါသင်တန်းများတွင် ရေးရာကိစ္စရပ်များကို အသေးစိတ်ရှာဖွေလေ့လာသည်။ |
| IT အတွင်းရှိ အဆင့်မြင့်အက်ပလီကေးရှင်းများနှင့် နည်းပညာပိုင်းဆိုင်ရာ ခေတ်ရေစီးကြောင်းများ | အဆိုပါသင်တန်းများ၏ကျောင်းသားများသည် IT ၏အဆင့်မြင့်အက်ပလီကေးရှင်းများဆိုင်ရာ ရေးရာကိစ္စရပ်များနှင့် နည်းပညာပိုင်းဆိုင်ရာခေတ်ရေစီးကြောင်းများနှင့်ပတ်သက်သည့် အသေးစိတ်ရေးရာကိစ္စရပ်များကိုပါ လေ့လာသင်ယူရမည်ဖြစ်သည်။ |



## အဓိက အထူးပြု ဘာသာရပ်များ

### ERP (စီးပွားရေးလုပ်ငန်းအရင်းအမြစ်စီစဉ်ရေးဆွဲခြင်း)

စီးပွားရေးလုပ်ငန်းအရင်းအမြစ်စီစဉ်ရေးဆွဲခြင်း(ERP)ဆိုသည်မှာ ကုမ္ပဏီ၏အရင်းအမြစ်များဖြစ်သော လူ၊ ကုန်ပစ္စည်း၊ ယန္တရား၊ ITအသုံးချ နည်းပညာများကို ပြည့်စုံပိုင်နိုင်စွာစီမံခန့်ခွဲမှုအား ချဉ်းကပ်မှုသဘောတရားတစ်ခုဖြစ်သည်။ ဤချဉ်းကပ်မှုအားနားလည်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းအရင်းအမြစ်စီစဉ်ရေးဆွဲခြင်းအား သိရှိသဘောပေါက်ခြင်းသည် ERPစနစ်တခု အကောင်အထည်ဖော်ခြင်း၏ ပထမဆုံးခြေလှမ်းဖြစ်ပြီး၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းစဉ်များအား တိုးတက်စေနိုင်ပါသည်။ ဤအထူးပြုဘာသာရပ်တွင် ကျောင်းသားများအနေဖြင့် စီးပွားရေးပေါင်းစည်းမှု၊ ဘဏ္ဍာရေးဆိုင်ရာ စာရင်းကိုင်စနစ်၊ အရောင်းနှင့်ဖြန့်ချိရေးစနစ်များပါဝင်သည့် လက်တွေ့လေ့လာမှုများအား SAP ERP သင်ယူမှုစနစ်(SAP)ကို အသုံးပြု၍ ပါဝင်လေ့လာနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားများသည် ကုမ္ပဏီများ၏ ပြဿနာဆန်းစစ်ခြင်းများ၊ ERPအကောင်အထည်ဖော်ခြင်းစသည့် လုပ်ငန်းခွင်လက်တွေ့လေ့လာမှုများအားလည်း ခြုံငုံလေ့လာနိုင်ပါမည်။ ထို့အပြင် ကျောင်းသားများအနေဖြင့် in-memory databasesနှင့် IoTကဲ့သို့သော ERPနှင့် နောက်ဆုံးပေါ်စီးပွားရေးအခြေခံအဆောက်အအုံများ ဆက်စပ်မှုသုတေသနများကိုလည်း ထိတွေ့လေ့လာနိုင်မည်ဖြစ်သည်။

| ဘာသာရပ်သင်တန်းများ | | |
|---|---|---|
| ဒေတာဘေ့စ်နည်းပညာ အခြေခံအချက်များ | စနစ်ပူပေါင်းလုပ်ဆောင်ခြင်းနှင့် အီလက်ထရောနစ်စီးပွားရေး | ပစ္စည်းများစီမံခန့်ခွဲမှုစနစ် တိုးတက်ဖြစ်ပေါ်မှု |
| IT စာရင်းအင်းပညာ | အပြည်ပြည်ဆိုင်ရာစာရင်းကိုင်ပညာ | လူသားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် တိုးတက်ဖြစ်ပေါ်မှု |
| အသုံးချ သတင်းအချက်အလက်နည်းပညာအတွက် အခြေခံ သင်္ချာ | ဘဏ္ဍာရေးနှင့်ဆိုင်သော စာရင်းကိုင်စနစ် တိုးတက်ဖြစ်ပေါ်မှု 1၊ 2 | ERP စီးပွားရေးလုပ်ငန်းအသုံးချမှုများ တိုးတက်ဖြစ်ပေါ်မှု |
| Web Programming 1၊ 2 | ဖြန့်ဖြူးရောင်းချခြင်းစနစ် တိုးတက်ဖြစ်ပေါ်မှု 1၊ 2 | ERP တိုင်ပင်မှု အဆင့်မြင့် အကြောင်းအရာများ |
| စွန့်ဦးလုပ်ငန်းများအတွက် သတင်းအချက်အလက်စနစ်များ | ထုတ်လုပ်မှုထိန်းချုပ်မှုစနစ် တိုးတက်ဖြစ်ပေါ်မှု | Object Oriented Programming |

### စီးပွားရေးဒေတာခွဲခြမ်းစိတ်ဖြာမှုများ

စီးပွားရေးအချက်အလက်များ ခွဲခြမ်းစိတ်ဖြာမှုသည် ယခုနှစ်များအတွင်း များပြားလှသော လုပ်ငန်းနယ်ပယ်များ၏ တိုးမြင့်လာသည့်အာရုံစိုက်မှုကို ရရှိထားသည့် စီးပွားရေးနည်းပညာတစ်ခုဖြစ်ပါသည်။ စီးပွားရေးအချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်း၏ ပင်မရည်ရွယ်ချက်သည် လုပ်ငန်းစီးပွားအောင်မြင်မှုအတွက် ထိရောက်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးပင်ဖြစ်သည်။ ကုမ္ပဏီများအနေဖြင့် အချက်အလက်များအား ကျယ်ပြန့်စွာစုဆောင်းရရှိလာသည်နှင့်အမျှ အချက်အလက်စီမံခန့်ခွဲမှုမှာ ပိုမိုရှုပ်ထွေးလာပြီး၊ အမျိုးမျိုးသော ခက်ခဲသည့်ပြဿနာများအား ရင်ဆိုင်ကြုံတွေ့လာရမည်ဖြစ်သည်။ ယခုအထူးပြုဘာသာရပ်၏ရည်မှန်းချက်မှာ အဆိုပါပြဿနာများ၏ ဖြေရှင်းချက်အားရှာဖွေနိုင်သည့် နည်းလမ်းများကို နားလည်သဘောပေါက်ခြင်းစွမ်းရည်အား မြင့်မားလာစေရန်ဖြစ်သည်။ ကျောင်းသားများသည် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာခြင်း၊ ပြောင်းလဲလုပ်ဆောင်ခြင်းနှင့် လုပ်ငန်းပြဿနာအား ကိုင်တွယ်ဖြေရှင်းရာတွင် ထိုခွဲခြမ်းစိတ်ဖြာမှုများအား မည်သို့အသုံးပြုရမည်ကို လေ့လာသင်ယူနိုင်ပါသည်။ ဈေးကွက်ရှာဖွေခြင်းနှင့် စာရင်းအင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုနည်းလမ်းများအား နားလည်သဘောပေါက်ခြင်းအပေါ်အခြေခံပြီး မဟာဗျူဟာမြောက် သုံးစွဲသူညည့်သည်များနှင့်ဆက်ဆံရေး စီမံခန့်ခွဲမှု(CRM)စသည့် အရေးပါသော သဘောတရားများ၊ ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံနှင့် ဂယ်ယူမှုများပါဝင်သည့် စီးပွားရေးလုပ်ငန်းပုံစံများကို ကိုင်တွယ်ရန် အသုံးပြုသည့် ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှု (SCM)ကိုလည်း လေ့လာသင်ယူနိုင်ပါသည်။

| ဘာသာရပ်သင်တန်းများ | | |
|---|---|---|
| ဒေတာဘေ့စ်နည်းပညာ အခြေခံအချက်များ | AIသုံး ဆော့ဖ်ဝဲလ်အပ်ပလီကေးရှင်း 1၊ 2 | ဒေတာသစ်ထုတ်ဖော်ခြင်းသီအိုရီများ |
| IT စာရင်းအင်းပညာ | ကွန်ပျူတာပရိုဂရမ်းမင်း (Python) | Machine Learing နှင့် ၎င်း၏ အသုံးချမှုများ |
| အသုံးချ သတင်းအချက်အလက်နည်းပညာအတွက် အခြေခံ သင်္ချာ | ဝက်ဘ်စီးပွားရေးမိတ်ဆက် | ဒေတာဘေ့စ်နည်းပညာရှိ အဆင့်မြင့်ခေါင်းစဉ်များ |
| ကွန်ပြူတာအဖွဲ့အစည်း သီအိုရီ | ဒေတာသိပ္ပံ | ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်စနစ် |
| Web Programming 1၊ 2 | အရည်အသွေးမြင့်ဒေတာ ခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့် အသွင်းကူးပြောင်းခြင်း | ဒီဇိုင်း စဉ်းစားခြင်း |
| AI အတွက် သင်္ချာ | ဒေတာခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့် သရုပ်ဖော်မှုထုတ်ဖော်ခြင်း | အင်တာနက်စီးပွားရေး မဟာဗျူဟာနှင့် ဈေးကွက်တင်ရောင်းချခြင်း |

### နိုင်ငံတကာ စွန့်ဦးစွန့်စား စီးပွားရေးလုပ်ကိုင်မှု

နိုင်ငံတကာ စွန့်ဦးတီထွင်သူများသည် ၎င်းတို့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများသာမက၊ အခြားအကျိုးတူလုပ်ငန်းများအား စတင်တည်ထောင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စီမံခန့်ခွဲခြင်းများလုပ်ဆောင်ကြပြီး၊ ၎င်းတို့၏အတွေ့အကြုံများကို အသုံးချကာ အခြားသောလုပ်ငန်းနယ်ပယ်များမှ လုပ်ငန်းများတိုးတက်ကောင်းမွန်ရေးအတွက် အထောက်အကူပြုနိုင်ကြပါသည်။ ကျောင်းသားများသည် e-commerceနှင့် ဂက်ဘ်စီးပွားရေးအပါအဝင် နိုင်ငံတကာစီးပွားရေးအား အာရုံစိုက်နေစဉ်အတွင်း၌ပင် ဘဏ္ဍာရေး၊ ဈေးကွက်နှင့် စီမံခန့်ခွဲမှုတို့၏ အခြေခံအယူအဆများကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

| ဘာသာရပ်သင်တန်းများ | | |
|---|---|---|
| IT စာရင်းအင်းပညာ | Intellectual Property Rights Law | IT စီးပွားရေး ညှိနှိုင်းဆွေးနွေးမှု |
| အသုံးချ သတင်းအချက်အလက်နည်းပညာအတွက် အခြေခံ သင်္ချာ | စီးပွားရေးထိန်းချုပ်စီမံမှုရှိ အဆင့်မြင့်ခေါင်းစဉ်များ | ဂိမ်းသီအိုရီနှင့် ဆွေးနွေးညှိနှိုင်းခြင်း |
| Web Programming 1 | စီးပွားရေးစီမံခန့်ခွဲမှုအတွက် လက်တွေ့လေ့လာချက်များ | ဒီဇိုင်း စဉ်းစားခြင်း |
| ထိန်းထားနိုင်သောတိုးတက်မှုအတွက် အဓိပ္ပါယ်ရှိစွာ ဦးဆောင်ခြင်း | IT နယ်ပယ်ရှိ လတ်တလောဖြစ်ရပ်များ | လက်တွေ့အသုံးဝင်သော ကလောက်အားကွန်ပြူတာစနစ်ဖြင့်လုပ်ဆောင်ခြင်း |
| အဖွဲ့အစည်းနှင့်ဆိုင်သော ပြုမူကျင့်ကြံမှု | အမှတ်တံဆိပ်ဒီဇိုင်းနှင့် စီးပွားရေးစီမံခန့်ခွဲမှု | စီးပွားရေးလုပ်ငန်းရှင် နိယာမအသစ်များ |
| သတင်းအချက်အလက်ကျင့်ဝတ်များရှိ အဆင့်မြင့်ခေါင်းစဉ်များ | အင်တာနက်စီးပွားရေး မဟာဗျူဟာနှင့် ဈေးကွက်တင်ရောင်းချခြင်း | ပရောဂျက်စီမံခန့်ခွဲမှု |
| ဝက်ဘ်စီးပွားရေးမိတ်ဆက် | အီလက်ထရောနစ်ကုန်သွယ်မှု နည်းပညာဆိုင်ရာ သိပ္ပံပညာများ | Global လူသားရင်းမြစ်ဖွံ့ဖြိုးရေး |
| စီးပွားရေးလုပ်ငန်း ဘောဂဗေဒ 1၊ 2 | နိုင်ငံတကာ စွန့်ဦးစွန့်စား စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းပုံစံများ | |







## ဝက်ဘ်စနစ်များ တိုးတက်ဖြစ်ပေါ်မ

စည်းမျဥ်းစည်းကမ်းများအရ ဂက်ဘ်နည်းပညာတိုးတက်မှုတွင် ကော်ပိုရိတ်အင်ထရာနက်များမှ ဂက်ဘ်ဆိုဒ်များပြုလုပ်ခြင်း၊ ကုမ္ပဏီတွင်းအသုံးပြုရန် အကြောင်းအရာများ သိမ်းဆည်းခြင်း၊ အင်တာနက်ပေါ်တွင် ဂက်ဘ်ဆိုဒ်များပြုလုပ်ဖန်တီးခြင်းနှင့် ပြင်ပတွင်သုံးရန် ထုတ်ဖေခြင်းစသည်တို့ပါဂင်သည်။ ယေဘုယျအနေဖြင့် ဂက်ဘ်နည်းစနစ်ထုတ်လုပ်သူများသည် ပရိုဂရမ်မင်းဘာသာရပ်များ၊ HTML5ကဲ့သို့သောmarkup languagesများကိုသုံးကာ ဂက်ဘ်ဆိုဒ်များအား ဖန်တီးရေးသားသည်။ မည်သို့ပင်ဖြစ်စေ၊ ၎င်းတို့၏လုပ်ငန်းတာဂန်များ၌ အကြောင်းအရာများစီမံခန့်ခွဲမှုစနစ် (CMS)လည်း ပါဂင်လျက်ရှိပါသည်။ ဤအထူးပြုဘာသာရပ်တွင် ကျောင်းသားများအနေဖြင့် ဂက်ဘ်စနစ်များအား ပရိုဂရမ်ရေးသားပုံ၊ ကုဒ်ဖန်တီးပုံနှင့် ကွန်ရက်ပိုင်းဆိုင်ရာ အခြေခံများကို လေ့လာရမည်ဖြစ်သည်။

| ဘာသာရပ်သင်တန်းများ | | |
|---|---|---|
| ဒေတာဘေ့စ်နည်းပညာ အခြေခံအချက်များ | ဝက်ဘ်စီးပွားရေးမိတ်ဆက် | Web Programming 3 |
| IT စာရင်းအင်းပညာ | ဒေတာဘေ့စ်နည်းပညာရှိ အဆင့်မြင့်ခေါင်းစဥ်များ | Object Oriented Programming |
| ကွန်ပျူတာပရိုဂရမ်းမင်း (Python) | ကွန်ပြူတာအဖွဲ့အစည်း သီအိုရီ | Object Oriented စနစ်ဒီဇိုင်း |
| ကွန်ပျူတာ ပရိုဂရမ်ရေးဆွဲနည်း အခြေခံများ | ကွန်ပြူတာကွန်ယက်ချိတ်ဆက်ခြင်း အခြေခံအချက်များ | ဆော့ဝဲလ်အင်ဂျင်နီယာပညာ |
| Web Programming 1၊ 2 | ဝက်ဘ်နည်းပညာ မိတ်ဆက် | ဒီဇိုင်း စဥ်းစားခြင်း |
| AIသုံး ဆော့ဖ်ဂဲလ်အပ်ပလီကေးရှင်း ၁ | ဝက်ဘ်ဝန်ဆောင်မှုများ တိုးတက်ဖြစ်ပေါ်မှု | မိုဘိုင်း အပ်ပလီကေးရှင်း ရေးဆွဲခြင်း |

## ကွန်ရက်စီမံထိန်းချုပ်မှု

ကွန်ယက်ဂန်ဆောင်မှုများသည် ယနေ့ခေတ် သတင်းအချက်အလက်စနစ်များ၏ အဓိကကျသောအစိတ်အပိုင်းဖြစ်ပါသည်။ ကွန်ယက်ပိုင်းဆိုင်ရာကြီးကြပ်သူများမှ ကွန်ပျူတာကွန်ယက်များနှင့် ဆာဗာစနစ်များအား တည်ဆောက်ပေးပြီး၊ အတားအဆီးများအား ဖြေရှင်းခြင်းဖြင့် အဆိုပါကွန်ယက်နှင့်စနစ်များအား စီမံခန့်ခွဲခြင်းနှင့် ထောက်ပံ့ကူညီခြင်းများ လုပ်ဆောင်ပေးပါသည်။ ကွန်ယက်တစ်ခု၌ အတားအဆီးတစုံတရာ ဖြစ်ပေါ်လာပါက ကွန်ယက်ကြီးကြပ်သူမှ ပြဿနာအားဖြေရှင်းပေးပြီး ထိုကွန်ယက်ပေါ်ရှိသည့် အချက်အလက်များအား ပြန်လည်သိမ်းဆည်းပေးပါသည်။ ဤအထူးပြုဘာသာရပ်တွင် ကျောင်းသားများအနေဖြင့် ကွန်ယက်စနစ်များလည်ပတ်ပုံနှင့် သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ဗဟုသုတများကို သင်ယူရရှိနိုင်ပါမည်။

| ဘာသာရပ်သင်တန်းများ | | |
|---|---|---|
| ဒေတာဘေ့စ်နည်းပညာ အခြေခံအချက်များ | AIသုံး ဆော့ဖ်ဂဲလ်အပ်ပလီကေးရှင်း 1 | သတင်းအချက်အလက်လုံခြုံရေး |
| IT စာရင်းအင်းပညာ | စနစ်စီမံထိန်းချုပ်မှုပညာ | Routing နှင့် switching |
| အသုံးချ သတင်းအချက်အလက်နည်းပညာအတွက် အခြေခံ သင်္ချာ | စီးပွားရေးလုပ်ငန်းရှင် နိယာမအသစ်များ | ကွန်ယက်ချိတ်ဆက်ခြင်းရှိ အဆင့်မြင့်လေ့လာချက်များ |
| Web Programming 1 | အဆင့်မြင့် Routing နှင့် switching | ဝက်ဘ်နည်းပညာ မိတ်ဆက် |
| ကွန်ပြူတာအဖွဲ့အစည်း သီအိုရီ | ကလောက် ကွန်ယက်တည်ဆောက်ခြင်းနှင့် အကျိုးသက်ရောက်မှုရှိခြင်း | ဝက်ဘ်ဝန်ဆောင်မှုများ တိုးတက်ဖြစ်ပေါ်မှု |
| ကွန်ပျူတာပရိုဂရမ်းမင်း (Python) | IoT နှင့် ကြိုးမဲ့ကွန်ယက် | ဆိုင်ဘာ လုံခြုံရေး |
| ကွန်ပြူတာကွန်ယက်ချိတ်ဆက်ခြင်း အခြေခံအချက်များ | IoT အပ်ပလီကေးရှင်း စနစ်များ | အဆင့်မြင့် Routing နှင့် switching |

## IT မန်ဂါနှင့်အန်နီမီ

Manga၊ Anime များဖြင့် ဦးဆောင်လျက်ရှိသော ဂျပန်နိုင်ငံ၏ အကြောင်းအရာဖန်တီးရေးသားခြင်း လုပ်ငန်းနယ်ပယ်သည် ကမ္ဘာတစ်ပှမ်းလုံး၏အာရုံအား ဆွဲဆောင်ဖမ်းစားလျက်ရှိပါသည်။ KCGI တွင် ကျောင်းသားများအနေဖြင့် အကြောင်းအရာဖန်တီးမှုနယ်ပယ်အတွင်းရှိ လုပ်ငန်းပုံစံပောင်းများအပေါ်သုတသနပြုခြင်းဖြင့် လုပ်ငန်းပုံစံသစ်များ ဖန်တီးခြင်း၊ စီမံကိန်းများ ရေးဆွဲလေ့ကျင့်ခြင်းနှင့် Animeများ ထုတ်လုပ်ခြင်းအစရှိသည့် ဖန်တီးမှုနယ်ပယ်များ၌ ကြုံတွေ့ရမည့် အခြေအနေများကို ကျယ်ပြန့်စွာ လေ့လာထိတွေ့နိုင်မည်ဖြစ်သည်။ အဆိုပါသင်ရိုးညွှန်းတမ်းမှ ကျောင်းသားများအား အကြောင်းအရာဖန်တီးရာတွင် ကြုံတွေ့နိုင်သည့် ပြဿနာတစ်ခုချင်းအတွက် ဖြေရှင်းကိုင်တွယ်နည်းများရှာဖွေပုံအား လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ အကြောင်းအရာနှင့် ဖန်တီးမှုနယ်ပယ်၌ ICT၏စွမ်းအားသည် မရှိမဖြစ်အရေးကြီးပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသားများအနေဖြင့် ကျွမ်းကျင်အဆင့် ဒစ်ဂျစ်တယ်ကိရိယာများအား လေ့လာသင်ယူခြင်းဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်းသည် အမျိုးမျိုးသော အခြေအနေများတွင် အသုံးဂင်နိုင်သည့် ဖြေရှင်းနည်းများတီထွင်မှုအား တိုးတက်စေနိုင်မည်ဖြစ်သည်။

| ဘာသာရပ်သင်တန်းများ | | |
|---|---|---|
| အသုံးချ သတင်းအချက်အလက်နည်းပညာအတွက် အခြေခံ သင်္ချာ | ဒစ်ဂျစ်တယ်အသံထုတ်လုပ်ရေး | သရုပ်ဖော် ပုံပြင်ပြောခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်း |
| ကွန်ပြူတာအဖွဲ့အစည်း သီအိုရီ | အဆင့်မြင့် အထူးရုပ်မြင်ပြုလုပ်ချက်များ | အန်နီမီ၊ စီစဉ်ညွှန်ကြားမှု၊ လျှော့ရေးနှင့် ပရိုမိုးရှင်းဆိုင်ရာ အထူးခေါင်းစီးများ |
| အန်နီမေးရှင်းဆွဲခြင်းအခြေခံအချက်များ A၊ B | အကြောင်းအရာရေးသားခြင်းလုပ်ငန်းနယ်ပယ်၏ အထူးခေါင်းစဥ်များ | ကွန်ပျူတာ ဂရပ်ဖစ် |
| Web Programming 1 | ဒစ်ဂျစ်တယ်စနစ်ဖြင့် အန်နီမေးရှင်းဖန်တီးခြင်း | လက်တွေ့ အန်နီမေးရှင်း ထုတ်လုပ်မှု |
| အထူးသရုပ်ဖော်ဖန်တီးချက်များ | ဇာတ်ညွှန်းရေးခြင်းနှင့် အခန်းဆက်သရုပ်ဖော်ခြင်း | IT ရှိဖျော်ဖြေရေး |
| သရုပ်ဖော်ရုပ်ပုံ တိုးတက်ပြောင်းလဲမှု | ပေါ်များသော မီဒီယာအကြောင်းအရာမြှင့်တင်မှု | ဘရန်းတံဆိပ် ဒီဇိုင်းနှင့် စီးပွားရေး စီမံမှု |

## IT ခရီးသွားလုပ်ငန်း

ဂျပန်အစိုးရ၏ ခရီးသွားလုပ်ငန်းမြှင့်တင်းရေး စီမံချက်သည် လွန်ခဲ့သည့်နှစ်များအတွင်း ကြီးမားသည့်အကျိုးသက်ရောက်မှုရှိခဲ့သည်။ ၂၀၁၉ခုနှစ်(ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့ အစည်း၏စစ်တမ်းကောက်ယူချက်အရ) ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်အရေအတွက်မှာ ၃၁.၈၈သန်းအထိ လျှင်မြန်စွာ မြင့်တက်သွားသည်ဟုသိရှိရသည်။ KCGIကျောင်းပရဂဏ်တည်ရှိရာ ကျိုတို၊ ဆာ့ပိုရို၊ တိုကျိုမြို့တိုင်းလိုလိုပင် ခရီးသွားဧည့်သည်များနှင့် ဖေရပန်းစားလျက်ရှိပြီး၊ ခရီးသွားလုပ်ငန်းဂန်ဆောင်မှုများ၏ လိုအပ်မှုနှင့်အခက်အခဲပြဿနာများကို အစဥ်သဖြင့် မီးမောင်းထိုးပြနေပါသည်။ ဤအထူးပြုဘာသာရပ်သည် နိုင်ငံခြားကျောင်းသားများအတွက် အထူးရည်ရွယ်ထားပြီး၊ သက်ဆိုင်ရာအားသာချက်များပေါ်မူတည်၍ ခရီးသွားလုပ်ငန်းပုံစံသစ်များနှင့် အသုံးချစီးပွားရေးလုပ်ငန်း ဖော်ထုတ်ရှာဖွေနိုင်စေမည်ဖြစ်သည်။ KCGIသည် လူအများအား ဘာသာစကားအမျိုးမျိုးဖြင့် ခရီးသွားလုပ်ငန်းသတင်းအချက်အလက် ပံ့ပိုးခြင်း၊ မီဒီယာနှင့် ရုပ်သံသတင်းအချက်အလက်၊ ခွဲခြမ်းစိတ်ဖြာမှုနှင့် ခရီးသွားဧည့်သည်များ၏ လှုပ်ရှားမှုများအား ခန့်မှန်းလေ့လာခြင်း အစရှိသည့် ပြောင်းလဲလှုပ်ရှားမှုများမှတဆင့် လက်တွေ့ကမ္ဘာ၏ပြဿနာများအား မည်သို့ဖြေရှင်းရမည်ကို သင်ကြားပေးမည်ဖြစ်ပါသည်။

| ဘာသာရပ်သင်တန်းများ | | |
|---|---|---|
| IT စာရင်းအင်းပညာ | အန်နီမီ၊ စီစဉ်ညွှန်ကြားမှု၊ လျှော့ဈေးနှင့် ပရိုမိုးရှင်းဆိုင်ရာ အထူးခေါင်းစီးများ | ဂျပန် လူမှုအဖွဲ့အစည်းအကြောင်း |
| ကွန်ပျူတာပရိုဂရမ်းမင်း (Python) | ဒေတာသိပ္ပံ | ခရီးသွားလုပ်ငန်း၏ အလည်အပတ်နေရာများကို စီမံခန့်ခွဲမှု |
| အသုံးချ သတင်းအချက်အလက်နည်းပညာအတွက် အခြေခံ သင်္ချာ | စီးပွားရေး ဘောဂဗေဒ 1 | ခရီးသွားလာရေး အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း |
| Web Programming 1၊ 2 | ဘရန်းတံဆိပ် ဒီဇိုင်းနှင့် စီးပွားရေး စီမံမှု | IT ခရီးသွားလုပ်ငန်း အဆင့်မြင့်အကြောင်းအရာများ |
| Object Oriented စနစ်ဒီဇိုင်း | မီဒီယာ ဆက်သွယ်ရေး | ခရီးသွားလုပ်ငန်း ဒီဇိုင်း |
| ပေါ်များသော မီဒီယာအကြောင်းအရာမြှင့်တင်မှု | စီမံကိန်း စီမံခန့်ခွဲမှု | IT ခရီးသွားလုပ်ငန်း အလုပ်သင်ဆင်းခြင်း |
| သရုပ်ဖော် ပုံပြင်ပြောခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်း | IT ခရီးသွားလုပ်ငန်း အခြေခံများ | Global လူသားရင်းမြစ်ဖွံ့ဖြိုးရေး |
| အထူးသရုပ်ဖော်ဖန်တီးချက်များ | ခရီးသွား စီးပွားရေးလုပ်ငန်း အခြေခံများ | မိုဘိုင်း အပ်ပလီကေးရှင်း ရေးဆွဲခြင်း |



## ဖန်တီးပြုလုပ်ထားသော ဉာဏ်ရည်တု

AIသည် ၂၁ရာစုဦးပိုင်းမှ စတင်၍ နက်နဲသော သင်ယူမှုသီအိုရီအရ တရှိန်ထိုးကျော်လွန်လာသော လူအဖွဲ့ အစည်းပြောင်းလဲမှု၏ အခြေခံကျသောနည်းပညာတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့ပါသည်။ AI၏ အက်ပလီကေးရှင်းလုပ်ကွက်များသည် လျှင်မြန်စွာကျယ်ပြန့်လျက်ရှိကာ၊ စက်ပစ္စည်းပိုင်းဆိုင်ရာဘာသာပြန်ခြင်း၊ အလိုလျောက်မောင်းနှင်ယာဥ်များ၊ ဆေးပညာပိုင်းဆိုင်ရာသတင်းအချက်အလက်အစီအစဥ်များ၊ သူနာပြုဂန်ဆောင်မှုသုံး စက်ရုပ်များနှင့် အီလက်ထရောနစ်အားကစားသာမက ကော်ပိုရေးရှင်းမဟာဗျူဟာ အဆိုပြုချက်များ၊ စိုက်ပျိုးရေးကဏ္ဍစီမံခန့်ခွဲမှုအား ချဥ်းကပ်နည်းသစ်နှင့် အခြားသော စီးပွားရေးလုပ်ငန်းသုံးအက်ပလီကေးရှင်းများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။ KCGI၏ AIဘာသာရပ်ဆိုင်ရာ အဆင့်မြင့်လေ့လာမှုနယ်ပယ်တွင် ကျောင်းသားများအနေဖြင့် သီအိုရီ၏ အခြေခံသဘောတရားများ၊ လက်တွေ့အသုံးချနယ်ပယ်များ၏ သာဓကဖြစ်ရပ်များမှတဆင့် သင်ယူလေ့လာခြင်းများ လုပ်ဆောင်ရရှိနိုင်ပါသည်။ ဤသင်ရိုးညွှန်းတမ်းသည် မြောက်များစွာသောဆက်စပ်ဆော့ဖ်ဂဲလ်များအား လေ့လာပြီး AI နည်းပညာကို အသုံးပြုနိုင်သည့် ကျွမ်းကျင်သူများကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

| ဘာသာရပ်သင်တန်းများ | | |
|---|---|---|
| IT စာရင်းအင်းပညာ | Machine Learing နှင့် ၎င်း၏ အသုံးချမှုများ | ဆေးပညာပိုင်းနယ်စည်းမထား သတင်းအချက်အလက်သိပ္ပံ |
| AI မိတ်ဆက် | အမြင်ပိုင်းဆိုင်ရာ ပေါင်းစပ်မှုများ | စက်ရုပ်များနှင့် AI |
| အယ်လဂိုရီသမ်မိတ်ဆက် | AIသုံး ဆော့ဖ်ဂဲလ်အပ်ပလီကေးရှင်း 1၊ 2 | ဒေတာသိပ္ပံ |
| ကွန်ပျူတာပရိုဂရမ်းမင်း (Python) | ဒေတာသစ်ထုတ်ဖော်ခြင်းသီအိုရီများ | လူမှုအဖွဲ့ အစည်းနှင့် AI |
| ဒေတာဘေ့စ်နည်းပညာ အခြေခံအချက်များ | ဒေတာဘေ့စ်နည်းပညာရှိ အဆင့်မြင့်ခေါင်းစဥ်များ | ကွန်ပျူတာပရိုဂရမ်းမင်း (Java) |
| ကွန်ပြူတာအဖွဲ့အစည်း သီအိုရီ | ဂိမ်းများနှင့် AI | AI အတွက် သင်္ချာ |
| အသုံးချ သတင်းအချက်အလက်နည်းပညာအတွက် အခြေခံ သင်္ချာ | သဘာဂဘာသာစကား နားလည်သဘောပေါက်ခြင်း၊ အသံပိုင်းဆိုင်ရာ နားလည်သဘောပေါက်ခြင်း | |





## အသုံးချနယ်ပယ်အလိုက် သင်တန်းများ

### Fintech

- ငွေနှင့် ဘဏ်လုပ်ငန်း
- Fintech ၏အခြေခံအချက်များ
- Fintech စနစ် ဒီဇိုင်း

### စိုက်ပျိုးရေး

- နောက်မျိုးဆက်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့်အသုံးချမှု
- စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးများ
- စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်စနစ်များဒီဇိုင်း

### ရေကြောင်းပညာ

- ရေကြောင်းပညာရပ် အခြေခံအချက်များ
- ရေကြောင်းဆိုင်ရာ သတင်းအချက်အလက်စနစ်များဒီဇိုင်း

### ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ

- ဆေးဝါးဆိုင်ရာ သတင်းအချက်အလက်နှင့် ဥပဒေ
- ဆေးပညာပိုင်းနယ်စည်းမထား သတင်းအချက်အလက်သိပ္ပံ
- ဆေးဝါးဆိုင်ရာ သတင်းအချက်အလက်စနစ်များဒီဇိုင်း

### အကြောင်းအရာပိုင်းဆိုင်ရာအရောင်းမြှင့်တင်ခြင်း

- အကြောင်းအရာပိုင်းလုပ်ငန်းရှိ အထူးခေါင်းစီးများ
- IT ရှိတေးသီချင်း
- IT ရှိဖျော်ဖြေရေး
- အကြောင်းအရာပိုင်း အရောင်းမြှင့်တင်ရေးဗျူဟာ

### ပညာရေး

- အီလက်ထရောနစ်သင်ယူမှုစနစ်များ၏ အခြေခံအချက်များ
- e-Learning စီးပွားရေးလုပ်ငန်းရှိ ညွှန်ကြားချက်ပေးသောဒီဇိုင်းပုံစံ
- e-Learning Courseware တိုးတက်မှု
- စာကြည့်တိုက် သတင်းအချက် နည်းပညာ
- ကျောင်းနှင့် ကုမ္ပဏီ ပညာရေး အပြည်ပြည်ဆိုင်ရာ နှိုင်းယှဥ်လေ့လာမှု

## အထောက်အကူပြု စိတ်ကြိုက်ရွေးစရာများ

| | | |
|---|---|---|
| အသုံးချ သတင်းအချက်အလက်နည်းပညာအတွက် အခြေခံ သင်္ချာ | မီဒီယာဆက်သွယ်ရေး | အသုံးချသတင်းအချက်အလက်နည်းပညာ A ၏နယ်မြေစွန်း |
| IT စာရင်းအင်းပညာ | စီးပွားရေးလုပ်ငန်းဆိုင်ရာ ICT ပြောဆိုဆက်သွယ်မှု | အသုံးချသတင်းအချက်အလက်နည်းပညာ B ၏နယ်မြေစွန်း |
| စက်မှုပညာဆိုင်ရာ ဆက်သွယ်ပြောဆိုခြင်းစွမ်းရည် | စနစ်များဒီဇိုင်းပုံစံရှိ အဆင့်မြင့်ခေါင်းစီးများ | အဆင့်မြင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ICT ပြောဆိုဆက်သွယ်မှု |
| စီးပွားရေးဆိုင်ရာ တင်ဆက်ပြောဆိုခြင်း | စနစ်များသီအိုရီရှိ အဆင့်မြင့်ခေါင်းစီးများ | ပညာရပ်ဆိုင်ရာ အင်္ဂလိပ် ဆက်သွယ်ပြောဆိုမှု စွမ်းရည် |
| စီးပွားရေး ဆက်သွယ်ရေး 1၊ 2၊ | ကုန်ထုတ်လုပ်မှုစနစ်များဆိုင်ရာ အင်ဂျင်နီယာပညာရပ် | |
| ယုတ္တိဗေဒနည်းကျကျ စဥ်းစားတွေးခေါ်ခြင်း | စက်ရုပ်လုပ်ငန်း အော်တိုမေးရှင်း | |

## မယူမနေရ

| | | |
|---|---|---|
| ICT လုပ်ငန်းနယ်ပယ်မှ ပရော်ဖက်ရှင်နယ်ဆက်သွယ်မှုများ | ဦးစီးဦးဆောင်မှုသီအိုရီ | ပရောဂျက် အခြေခံများ |

## ဘွဲ့လွန်ပရောဂျက်

| | | | |
|---|---|---|---|
| ဘွဲ့လွန် အစီရင်ခံစာ | ဘွဲ့လွန်ပရောဂျက် | ဂုဏ်ထူးတန်း ဘွဲ့လွန် ပရောဂျက် | ဂုဏ်ထူးတန်း ဘွဲ့လွန် စာတမ်း |

# ပညာရှင်အဆင့် ဘွဲ့ရရှိရန်အဆင့်များ

## ပထမနှစ် ကျောင်းသားများ ပထမ စာသင်နှစ်ဝက် ၁

### အခြေခံအသိပညာ အထူးပြုလေ့လာမှု

- ကျောင်းဖွင့်ပွဲ/ကျောင်းသားသစ် မိတ်ဆက်ပွဲ/ ပညာရေးဆွေးနွေးညှိနှိုင်းပွဲ
- ပုံမှန် နွေဦးစာမေးပွဲများ
- နွေရာသီ အထူးပြုအတန်းများ

**ပြည့်စုံကြွယ်ဝသော ကျောင်းသားဘဝ**

- ကျောင်းသားသစ် ကြိုဆိုနှုတ်ဆက်ပွဲ
- နိုင်ငံခြားမိတ်ဖက်တက္ကသိုလ်တွင် အလုပ်သင်ဆင်းခြင်း (ညှိကထိက)
- ပုဂ္ဂလိက ကုမ္ပဏီတစ်ခုတွင် အလုပ်သင်ဆင်းခြင်း
- တေးဂီတဖျော်ဖြေပွဲများ
- သက်မွေးကျောင်း တိုင်ပင်ဆွေးနွေးမှု



ကျောင်းဝင်ခွင့် အခမ်းအနား

## ပထမနှစ် ကျောင်းသားများ ဒုတိယ စာသင်နှစ်ဝက် ၂

### အထူးအဆင့်မြင့် ပညာများသင်ယူခြင်း သင့်ဘွဲ့လွန် ပရောဂျက်ကို စတင်ပြင်ဆင်

- ဘွဲ့လွန်ပရောဂျက်အတွက် ပြင်ဆင်မှုများ စတင်ခြင်း
- ဆောင်းဦး ပုံမှန်စာမေးပွဲများ
- နွေဦးအထူးပြုအတန်းများ
- ထင်ရှားကျော်ကြားသော ဂျပန်နှင့် နိုင်ငံခြားနည်းပြများ၏ အထူးလက်ချာများ

**ပြည့်စုံကြွယ်ဝသော ကျောင်းသားဘဝ**

- သက်မွေးကျောင်းအလုပ်အကိုင် လမ်းညွှန်
- အလုပ်အကိုင်ရှာဖွေရန် အကူအညီပေးမည့်အတန်းများ
- နိဝင်ဘာပွဲတော်



စာသင်ခန်းမြင်ကွင်း

## ဒုတိယနှစ် ကျောင်းသားများ တတိယစာသင်နှစ်ဝက် ၃

### လက်တွေ့ပိုင်းနှင့် ပို၍အဆင့်မြင့်သော ဘာသာရပ်များလေ့လာမှု သင့်ဘွဲ့လွန်ပရောဂျက်ကို စတင်ဆောင်ရွက်

- သင့်ဘွဲ့လွန်ပရောဂျက် စတင်ဆောင်ရွက်
- နွေဦးပုံမှန်စာမေးပွဲများ
- နွေရာသီ အထူးပြုသင်တန်းများ

**ပြည့်စုံကြွယ်ဝသော ကျောင်းသားဘဝ**

- ကျောင်းဝင်းအတွင်း ပုဂ္ဂလိကကုမ္ပဏီများက ပရိစင့်တေးရှင်းပြုလုပ်ခြင်း
- အရည်အချင်းအမျိုးမျိုး သင်ယူရရှိခြင်း
- နိုင်ငံခြား မိတ်ဖက် တက္ကသိုလ်တွင် အလုပ်သင်ဆင်းခြင်း (ညှိ ကထိက)
- တေးဂီတဖျော်ဖြေပွဲများ
- ပြိုင်ပွဲအမျိုးမျိုးတွင် ပါဝင်ခြင်း



နွေရာသီ အထူးပြုသင်တန်းများ၊ ကော်ဖီချိန်များမှတစ်ဆင့် ဆရာများနှင့် အလေးအနက် အပြန်အလှန်ဆွေးနွေးမှု။

## ဒုတိယနှစ် ကျောင်းသားများ စတုတ္ထစာသင်နှစ်ဝက် ၄

### အထူးပြုဘာသာရပ်များ ပိုမိုအားကောင်းစေရန် လေ့ကျင့်ခန်းနှင့် လေ့လာမှုများ ဘွဲ့လွန်ပရောဂျက် အဓိကအာဘော်ကို ပြီးစီးခြင်း

- ဘွဲ့လွန်ပရောဂျက်ကို နှုတ်ဖြင့်ရှင်းလင်းတင်ပြ အင်တာဗျူးခြင်း
- ထင်ရှားကျော်ကြားသော ဂျပန်နှင့် နိုင်ငံခြားနည်းပြများ၏ အထူးလက်ချာများ
- KCG ဆုများ (KCG နှင့် KCGI ၌ အထူးချွန်ဆုံး ပရောဂျက်များ ကြေညာခြင်း)
- ဘွဲ့နှင်းသဘင်အခမ်းအနား

**ပြည့်စုံကြွယ်ဝသော ကျောင်းသားဘဝ**

- ဘွဲ့သင်တန်းပြီးဆုံးမှု အခမ်းအနားများ




KCG ဆုများ




စတင်ခြင်း



ဘွဲ့လွန်ပရောဂျက် နောက်ဆုံးစာမေးပွဲ



## အဆုရှိ တဘုချိ Atsushi Tabuchi တွဲဖက်ပါမောက္ခ

- ကျိုတိုတက္ကသိုလ် အင်ဂျင်နီယာဘွဲ့၊ အဆိုပါတက္ကသိုလ်တွင် ဘွဲ့လွန်မဟာဘွဲ့သင်ရိုး ပြီးဆုံး (လျှပ်စစ်အင်ဂျင်နီယာ အမှတ် (၂) အထူးပြု)၊ အင်ဂျင်နီယာမဟာဘွဲ့
- NEC ၏ ဗဟိုသုတေသနစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့
- Applied Informatic Technology သုတေသနဘာသာရပ်၊ web business နည်းပညာအထူးပြု အဓိကတာဝန်ခံ



## တာကာအို နာကာဂူချိ Takao Nakaguchi တွဲဖက်ပါမောက္ခ

- ကျိုတို ကွန်ပျူတာဂတ်ကူအင် (ဘွဲ့လွန်ကျောင်း) မှဘွဲ့ရရှိခဲ့သည်။ အသုံးချသတင်းအချက်အလက်သိပ္ပံဘွဲ့သင်တန်းကို သတင်းအချက်အလက်သိပ္ပံ ဘွဲ့လွန်ကျောင်း ကျိုတိုကောလိပ်မှ အောင်မြင်ပြီးမြောက်ခဲ့ပြီး သတင်းအချက်အလက်သိပ္ပံ (အထူးကျွမ်းကျင်) မဟာဘွဲ့တန်းတွင် အထူးချွန်ဆုံးကျောင်းသားဖြစ်။
- သတင်းအချက်အလက်သိပ္ပံ ဘွဲ့လွန်ကျောင်း ဒေါက်တာဘွဲ့အတွက် သင်ကြားပြီးမြောက်ခဲ့ပြီး သတင်းအချက်အလက်သိပ္ပံဆိုင်ရာ ဒေါက်တာဘွဲ့ရရှိခဲ့သည်။
- ညွှန်ကြားရေးမှူးနှင့် မန်နေဂျာဟောင်း၊ နည်းစနစ်ဖွံ့ဖြိုးရေးဌာန၊ Admax၊ ဧည့်သည်တော် သုတေသီဟောင်း၊ လူသားသတင်းအချက်အလက်စီမံကိန်း (HIP)၊ အဆင့်မြင့်အပြည်ပြည်ဆိုင်ရာ တယ်လီကွန်းဆက်သွယ်ရေးသုတေသနသိပ္ပံ (ATRI)၊ နည်းပညာဆိုင်ရာအရာရှိချုပ်ဟောင်း၊ Antrand ကော်ပိုရေးရှင်း၊ နည်းပညာဆိုင်ရာအရာရှိချုပ်ဟောင်း၊ @Izumi၊ စီစစ်ရေးမှူးဟောင်း၊ NTT အဆင့်မြင့်နည်းပညာကော်ပိုရေးရှင်းတွင် အထူးသုတေသီဟောင်း၊ သတင်းအချက်အလက်သိပ္ပံ ဘွဲ့လွန်ကျောင်း၊ ကျိုတိုတက္ကသိုလ်
- အီလက်ထရောနစ်သိပ္ပံ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး အင်ဂျင်နီယာများအဖွဲ့၊ ဆော့ဖ်ဝဲသိပ္ပံနှင့်နည်းပညာဆိုင်ရာ ဂျပန်အဖွဲ့အစည်းနှင့် ဂျပန်နိုင်ငံသတင်းအချက်အလက်စီစဉ်ဆောင်ရွက်ရေးအသင်းတို့၏အဖွဲ့ဝင်



## ဘန်ဂျမင် နူးဗယ် Benjamin Nouvel တွဲဖက်ပါမောက္ခ

- တိုးလို့စ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့ တိုလို့စ်တက္ကသိုလ်မှကျောင်းပြီး၊ ပါရီတက္ကသိုလ်မှ အနုပညာသမိုင်း ဘာသာရပ်ဖြင့် မဟာဘွဲ့ (The Sorbonne)
- လူဗာရှိ မာလတီမီဒီယာဌာန၊ ဂျပန်-ပြင်သစ် ပူးတွဲပရောဂျက် ညှိနှိုင်းရေးမှူးဟောင်း ဂျပန် အိတ်စပို၊ Content စီမံရေးမန်နေဂျာဟောင်း



## ယူကို မာဆူဒါ Yuko Masuda တွဲဖက်ပါမောက္ခ

- ကိုလံဘီယာတက္ကသိုလ် (နယူးယောက်၊ အမေရိကန်)၊ လူမှုရေးလုပ်ငန်းဌာနမှ လူမှုရေးလုပ်ငန်း မဟာဘွဲ့ရခဲ့ စိတ်ကျန်းမာရေးဘွဲ့လွန်ဌာနမှ စိတ်ဆန်းစစ်မှုနှင့် ဆန်းစစ်မှု စိတ်ကုထုံးဆိုင်ရာ လေးနှစ်သင်တန်း မဟာဘွဲ့ရခဲ့ ဆိုဖီယာတက္ကသိုလ် (နိုင်ငံခြားလေ့လာမှု)၊ နိုင်ငံခြားလေ့လာမှုဌာနမှ စပိန်ဘာသာဖြင့် ဝိဇ္ဇာဘွဲ့



## အိဇု မဆုအို့ Izu Matsuo တွဲဖက်ပါမောက္ခ

- ကျိုတိုတက္ကသိုလ်မှဥပဒေဘွဲ့၊ ကယ်လီဖိုးနီးယားတောင်ပိုင်းဘွဲ့လွန်အစီအစဉ်များမှ MBAဘွဲ့
- အီလက်ထရောနစ်ကုန်ပစ္စည်းဈေးကွက်ရှာဖွေရေးမန်နေဂျာဟောင်း၊ Sony Electronics Inc. (USA)၊ ကုန်ပစ္စည်းဈေးကွက်ရှာဖွေရေးမန်နေဂျာဟောင်း Carl Zeiss Vision Inc. (USA)၊ အဆင့်မြင့်ကုန်ပစ္စည်းမန်နေဂျာဟောင်း၊ Kyocera International, Inc. (USA)၊ ဂျပန်ဒေသမန်နေဂျာဟောင်း Expedia Holdings KK



## ဂျူလီယာ ယိုနဲ့တာနိ Julia Yonetani တွဲဖက်ပါမောက္ခ

- ဆစ်ဒနီတက္ကသိုလ် (ဩစတြေးလျ) မှဝိဇ္ဇာဘွဲ့၊ တိုကျိုတက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံ ဘွဲ့လွန်သင်တန်းမှ အနုပညာနှင့်သိပ္ပံမဟာဘွဲ့ (နိုင်ငံတကာ လူမှုရေးသိပ္ပံအထူးပြု)၊ ANU College of Asia and the Pacificနှင့် ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သမိုင်းပါရဂူဘွဲ့၊(သမိုင်းအထူးပြု)၊
- ယခုလက်ရှိတွင် ကျိုတိုစီရင်စုရှိနန်တန်တွင် စိုက်ပျိုးရေးသမားတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသလို၊ ခေတ်ပေါ်အနုပညာရှင်တစ်ဦးအဖြစ်လည်း ကမ္ဘာတစ်ဝှမ်းရှိပြပွဲများ၌ အနုပညာလက်ရာများအား လှည့်လည်ပြသလျက်ရှိသည်။



e-Learning စတူဒီယို



လက်တွေ့စမ်းသပ် ဓာတ်ခွဲခန်း



နားနေခန်းမ



စာကြည့်တိုက်



# ကျောင်းပရဝုဏ်များ

**ကျိုတို ပင်မကျောင်း**

ကျိုတို ပင်မကျောင်းအား ကျောင်းပရဝုဏ်၂ခုဖြင့် ဖွဲ့စည်းထားသည်။ ဤကျောင်းရှိ စုံလင်များပြားလှသော ကျောင်းသားအရေအတွက်အား အိုင်တီအသုံးချမှုနယ်ပယ်တွင်အမြင့်ဆုံးပညာရပ်ဖြစ်သည့် သတင်းအချက်အလက်နည်းပညာ မဟာဘွဲ့ရရှိရန် ကျယ်ပြန့်သောလေ့လာမှုနှင့်သုတေသနပြုများကို ပြုလုပ်နေကြသော ကျောင်းသားများဖြင့် ဖွဲ့စည်းထားသည်။ ကျောင်းခွဲနှစ်ခုအကြားသွားလာရန် ခေါက်ပြန်ပြေးဘတ်စ်ကားများလည်း ပြေးဆွဲပေးထားပါသည်။

## ဟိုင်အာကူမန်ဘန် ကျောင်းပရဝုဏ်၊ ဆကယိုး-ခု၊ ကျိုတို

ဟိုင်ဂျအာကူမန္နဘန္န ကျောင်းပရဝုဏ်သည် စတင်ဖွင့်လှစ်သည့် ၂၀၀၄ခုနှစ်မှစ၍ ပညာရေးနှင့်သုတေသနဌာနတစ်ခုအဖြစ်မွေးဖွားပေါ်ပေါက်လာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အတန်းအများစု ဖွင့်လှစ်ထားရှိသောဤနေရာ၌ ကျောင်းသားများနှင့် သင်ကြားရေးဌာန အမြောက်အများ စုဝေးလျက်ရှိသောကြောင့်ပင်ဖြစ်သည်။ ကျောင်းပရဝုဏ်သည် ကျိုတိုမြို့၏အလယ်ဗဟိုရှိကျိုတိုတက္ကသိုလ်အနီးတွင်တည်ရှိသဖြင့် သင်ယူခြင်းနှင့် လွတ်လပ်စွာတွေးခေါ်ခြင်းတို့အပေါ် စိတ်အားထက်သန်သူများနှင့် ပြည့်နှက်သည့်ပတ်ဝန်းကျင်တစ်ခုအဖြစ် တည်ရှိနေပါသည်။ ယခုကျောင်းပရဝုဏ်သည် ယခင်တစ်ချိန်ကမူ UNIVAC Vanguard ကွန်ပျူတာကို အသုံးပြု၍ ကွန်ပျူလေ့ကျင့်သင်ယူခဲ့သည့် KCG ၏ကြီးမားသောကွန်ပျူတာစင်တာနေရာတစ်ခုလည်း ဖြစ်သည်။

## ကျိုတိုအဲ့ခိမအဲ ဂြိုလ်တု၊ မိနမိ-ခု၊ ကျိုတို

ကိုတြိုအဲ့ခိမအဲ ဂ္ဂိုလ္ယတုအား ၂၀၀၅ခုနှစ်နွေဦးတွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ ခရီးသွားအများအပြား ဖြတ်သန်းသွားလာလျက်ရှိသည့် အချက်အချာကျသောလမ်းပန်းဆက်သွယ်ရေးနေရာဖြစ်သော ကျိုတိုဘူတာနှင့် ဘေးကပ်လျက်တွင်တည်ရှိသောကြောင့် ဤကျောင်းပရဝုဏ်သည် သွားလာဆက်သွယ်ရေးအရ အလွန်အဆင်ပြေသောနေရာတစ်ခုဖြစ်ပါသည်။ ကိုတြိုအဲ့ခိမအဲ ဂ္ဂိုလ္ယတုသည် ၎င်း၏ တောက်ပ၍ ပွင့်လင်းမြင်သာသောအပြင်ပိုင်းအဆင်အပြင်အရ သိသာထင်ရှားစွာတည်ရှိလျက်ရှိပြီး၊ state-of-the-art e-learing စတူဒီယိုတစ်ခု တပ်ဆင်ဖွင့်လှစ်ထားကာ နိုင်ငံတကာမှသင်ကြားပို့ချချက်မျိုးစုံအား ရယူနိုင်သည့်နေရာတစ်ခုဖြစ်ပါသည်။ KCG ကျိုတိုအဲ့ခိမအဲကျောင်းပရဝုဏ်နှင့်အတူ ကိုတြိုအဲ့ခိမအဲ ဂ္ဂိုလ္ယတုသည်လည်း ထိပ်တန်းအိုင်တီပညာရေး၏ အရေးကြီးအစိတ်အပိုင်းတစ်ခုအဖြစ် သက်ဝင်ထမ်းဆောင်လျက်ရှိပါသည်။






**ဂ္ဂိုလ္ယတု ကျောင်းပရဝုဏ်**

ပင်မကျောင်းပရဝုဏ်ကဲ့သို့ပင် ဂ္ဂိုလ္ယတု ကျောင်းပရဝုဏ်သည်လည်း လုပ်ငန်းနယ်ပယ်များတွင်အလုပ်ဝင်ရောက်နေသူများ အပါအဝင် အမျိုးအစားစုံလင်လှသော ကျောင်းသားများအား ဆွဲဆောင်လျက်ရှိပါသည်။ ဂ္ဂိုလ္ယတု ကျောင်းပရဝုဏ်အား ပင်မကျောင်းပရဝုဏ်ဖြင့် ပို့လွှတ်သင်တန်းများ( ပင်မကျောင်းပရဝုဏ်မှ သင်ကြားပို့ချသူဆရာများမှ လာရောက်သင်ကြားပေးသည့်အတန်းများ)သာမက၊ အချိန်နှင့်တပြေးညီပို့ချသင်ကြားပေးသည့် e-learning systemဖြင့်လည်း ချိတ်ဆက်ထားလျက်ရှိပါသည်။ ထို့ထက်ပို၍လည်း ဂ္ဂိုလ္ယတုတစ်ခုချင်းမှ သင်ကြားပို့ချသူဆရာများသည် ကျောင်းသားတစ်ဦးချင်း၏ရည်မှန်းချက်များပြည့်ဝစေရန် အရေးပါသောပညာရေးထောက်ပံ့မှုများအား ပေးအပ်လျက်ရှိပါသည်။

## ဆာပိုရို ဂြိုလ်တု dGIC Inc. အတွင်း၌တည်ရှိသော

၂၀၁၂ ခုနှစ်၊ ဧပြီလတွင် ဆာပိုရို ဂ္ဂိုလ္ယတု ကျောင်းပရဝုဏ်အား ဂျပန်နိုင်ငံ၏ ကျယ်ပြန့်သောမြောက်ပိုင်းစီရင်စုပြည်နယ်ဟော့ကိုင်းဒိုးရှိ ဆာပိုရိုတွင်ဖွင့်လှစ်ခဲ့သည်။ ဤကျောင်းသည် KCG Group၏ ကျိုတိုအပြင်ဘက်တွင်ပထမဆုံးတည်ရှိသည့် ကျောင်းပရဝုဏ်တစ်ခုဖြစ်သည်။
ဆာပိုရို ဂ္ဂိုလ္ယတု ကျောင်းပရဝုဏ်ရှိ သင်ကြားပို့ချသူဆရာအားလုံးသည် လက်ရှိ အိုင်တီလုပ်ငန်းနယ်ပယ်၏ ရှေ့တန်းမှ တက်ကြွစွာလှုပ်ရှားနေကြသူများဖြစ်သည်။ အိုင်တီလုပ်ငန်းနယ်ပယ်၏ လက်ရှိပြဿနာများအား သင်တန်းပို့ချသူဆရာများမှ မဝေးတော့သောအနာဂတ်အိုင်တီလုပ်ငန်းတွင်လိုအပ်လာမည့်ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့်ဆက်သွယ်ရေးစွမ်းရည်များကို ရှင်းလင်းစွာရှင်းလင်းတင်ပြခြင်းဖြင့် နောက်ဆုံးပေါ်စက်မှုလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို သူတို့၏ကိုယ်ပိုင်အတွေ့အကြုံများမှအဖြစ်အပျက်များနှင့် ပေါင်းစပ်စုစည်းထားသည်။ ဤသင်တန်းသည် ဟော့ကိုင်းဒိုတွင် IT သင်တန်းတက်နေသည့် ကျောင်းသားများသာမက ကျိုတိုကျောင်းပရဝုဏ်ရှိကျောင်းသားများ၏ စွမ်းရည်များမြင့်တက်လာစေရန် လှုံ့ဆော်ပေးလျက်ရှိပါသည်။

## တိုကျို ဂြိုလ်တု Hitomedia, Inc. အတွင်း၌တည်ရှိသော

တိုကျိုဂ္ဂိုလ္ယတုသည် မိနတိုမြို့နယ်၊ တိုကျိုရှိ ရော့ပွန်းဂိဟီးလ်စ်အနီးတွင် တည်ရှိပါသည်။ ဆာပိုရို ဂ္ဂိုလ္ယတု ဖွင့်လှစ်ပြီးနောက် ဒုတိယကျောင်းပရဝုဏ်အဖြစ် တိုကျိုဂ္ဂိုလ္ယတုအား ၂၀၁၂ခုနှစ်၊အောက်တိုဘာတွင်ဖွင့်လှစ်ခဲ့သည်။
တိုကျိုဂ္ဂိုလ္ယတုရှိ သင်ကြားပို့ချသူများသည် အရှိန်အဟုန်မြင့်ဒီဂျစ်တယ် မျက်မှောက်ခေတ်၏ ရှေ့တန်းနေရာများ၌ တက်ကြွစွာတာဝန်ယူထမ်းဆောင်နေသူများဖြစ်ကြသည်။ ထို့ကြောင့်သာပင် တိုကျိုဂ္ဂိုလ္ယတုမှ ဖြန့်ဝေပို့ချနေသော အိုင်တီသင်တန်းနှင့် ယုတ္တိဗေဒဆိုင်ရာတွေးခေါ်မှုသင်တန်းများသည် ကျိုတိုပင်မကျောင်းဝင်းရှိကျောင်းသားများအပါအဝင် ကျောင်းသားများ၏ စွဲမြဲနှစ်သက်မှုကို ရရှိလျက်ရှိပါသည်။ တိုကျိုဂ္ဂိုလ္ယတုမှ ပေးအပ်နေသည့် ပညာရေးသည် ကမ္ဘာ့စင်မြင့်များပေါ်တွင် အရေးကြီးနေရာများမှ ပါဝင်လှုပ်ရှားနိုင်မည့် အိုင်တီအသုံးချ ထိပ်တန်းခေါင်းဆောင်များ မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။





### ကွန်ပျူတာသုံးစနစ်

ကျောင်းသားများသည် လက်ရှိအချိန်တွင် အသုံးမပြုသော လက်တွေ့ဓာတ်ခွဲခန်းများတွင် ကွန်ပျူတာအရင်းအမြစ်များကို အတန်းချိန်ပြင်ပ၌လည်း အသုံးချနိုင်သည်။ ကြိုတင်စာရင်းပေးခြင်း၊ အပိုဆောင်းအခကြေးငွေများလည်း မလိုအပ်ပါ။ ခေတ်မီကိရိယာများကိုရရှိနိုင်သည်။ ဤ state-of-the-art အသုံးအဆောင်ကိရိယာများအား သင် အသုံးပြုခွင့်ရရှိမည်ဖြစ်သည်။

### မိုက်ခရိုဆော့ဖ်
ပညာရေးအဖွဲ့အစည်းများအတွက် Office 365 ProPlus license program
ပညာရေးအဖွဲ့အစည်းများအတွက် OVS-ES license program

KCGသည် ပညာရေးအဖွဲ့အစည်းသုံးOffice 365 ProPlus license programနှင့် OVS-ES license programများအား Microsoft Corporationမှ လိုင်စင်ရရှိထားသည်။ ၎င်းလိုင်စင်ပရိုဂရမ်များဖြင့် Office application များ၊ အမျိုးမျိုးသော ဖွံ့ဖြိုးရေးကိရိယာများနှင့် Windows OS များကိုသင့်လျော်သောဈေးနှုန်းဖြင့် တစ်ဦးချင်းဝယ်ယူမှုပြုလုပ်နိုင်သည်။ (ကျောင်းသားအသုံးပြုခွင့် သဘောတူညီချက်ကို တင်ပြရန်လိုအပ်သည်။)

### ဝယ်ယူရရှိနိုင်သော ဆော့ဖ်ဝဲလ်များ

- Microsoft Office 365 ProPlus
- Microsoft Office Professional
- Microsoft Windows OS upgrades

သတိပြုရန် : Windows Osအတွက်မူ အဆင့်မြှင့်ထားသောဗားရှင်းများသာ ရရှိနိုင်ပါသည်။







ပါမောက္ခနှင့် အင်တာဗျူး

# ဂျပန်နိုင်ငံ၏ အန်နီးမေးရှင်းဖြင့် စီးပွားရေးလုပ်ခြင်း


စီအီးအို၊ Gainax Kyoto Co. Ltd.

ဂျပန်သိပ္ပံ စိတ်ကူးယဉ်စာရေးဆရာအသင်း (SFWJ) နှင့် ဂျပန်အာကာသ စာရေးဆရာကလပ် (SACJ) အဖွဲ့ဝင်

Gainax တည်ထောင်သူအဖွဲ့ဝင်။ Nadia, Secret of Blue Water, Tengen Toppa Gurren Lagann အပါအဝင် ဂျပန်နိုင်ငံ၏ အကျော်ကြားဆုံး အန်နီမေးရှင်း ရုပ်ရှင်အများအပြား ထုတ်လုပ်သူ။

ပါမောက္ခ 武田 康廣

## ရာဆုဟိရိုတခဲဒ

## Yasuhiro Takeda
















KCG Group အတွက် နှစ် ၅၀ ပြည့်အထိမ်းအမှတ် ကြော်ငြာ (URL: kcg.ac.jp/gainax)

### ဂျပန်နိုင်ငံ၏ Animation နှင့် ICT

IT မန်ဂါနှင့် အန်နီမီ (ကာတွန်းနှင့်ကွန်ပျူတာ အန်နီမေးရှင်း) အထူးပြု ဘာသာရပ်နယ်ပယ်တွင် စျေးကွက်အသစ်နှင့် စီးပွားရေးလုပ်ငန်းမိုဒယ်အသစ်များ ဖန်တီးရန် KCGI သည် ယင်း မန်ဂါနှင့်အန်နီမီပေါင်းစပ်မှုကို အသုံးပြုလျက်ရှိသည်။ ပါမောက္ခတခဲဒသည် Nadia, Secret of Blue Water, Tengen Toppa Gurren Lagann ဇာတ်ကားများအတွက် ကျော်ကြားသော စတူဒီယိုဖြစ်သည့် Gainax ကို တည်ထောင်သူများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ Gainax ၌ အန်နီမီ ထုတ်လုပ်သူတစ်ဦးအဖြစ် ပါမောက္ခတခဲဒသည် Neon Genesis Evangelion, Iron Maiden ကဲ့သို့ ဂိမ်းများ၊ Aim for the Top2! Diebuster, Magical Shopping Arcade Abenobashi နှင့် Hanamaru Kindergarten ကဲ့သို့ မန်ဂါများအပါအဝင် ထုတ်လုပ်မှုအများအပြားတွင် ပါဝင်လုပ်ကိုင်ခဲ့သည်။ Gainax နှင့် လက်တွဲလျက် ပါမောက္ခတခဲဒသည် KCG Group ၏ နှစ် ၅၀ ပြည့် အထိမ်းအမှတ် ကြော်ငြာကို ရိုက်ကူးထုတ်လုပ်ခဲ့သည်။

### စီးပွားရေးဟူသည်မှာ (မည်ကဲ့သို့ ရင်းနှီးငွေအား ပြန်လည်စုဆောင်းမည်နည်း)

**—— Anime ကို စီးပွားရေးအနေဖြင့်ပြုလုပ်ရန်အတွက် ဘယ်ဟာက အဓိကအချက်ဖြစ်မလဲ။**

ယနေ့အချိန်အထိ ကျွန်တော့်အဓိကအလုပ်က Gainax ရဲ့ အန်နီမေးရှင်းတွေ စီမံထုတ်လုပ်ခြင်းဖြစ်ပါတယ်။ အတူအကွလုပ်ငန်းဆောင်ရွက်လို သည့်ကုမ္ပဏီများနှင့်ညှိနှိုင်းပြီး ထုတ်လွှင့်မှုအပိုင်းများကို ဆုံးဖြတ်သတ်မှတ်ပြီး ဘတ်ဂျတ်များကို သေချာစွာရရှိနိုင်ရန်ဆောင်ရွက်ပါတယ်။ Anime များ ပြီးမြောက်ပြီးနောက်တွင် မည်ကဲ့သို့ ရင်းနှီးငွေအားပြန်လည်စုဆောင်းမည်နည်း ဆိုတာကို စဉ်းစားရန် အရေးကြီးပါတယ်။ ထိုအရာကိုအကောင်အထည်ဖော်ခြင်းဟာ၊ တနည်းအားဖြင့် စီးပွားရေးလို့ ဆိုနိုင်ပါတယ်။

**—— ပါမောက္ခ တခဲဒ အနေဖြင့် Anime ဖန်တီးရန် ဖြစ်လာတဲ့အကြောင်းအရင်းလေးကို ပြောပြပေးပါ။**

ကျွန်တော်စီမံခဲ့တဲ့ ထုတ်လုပ်မှုတွေမှာ Wish Upon the Pleiades နဲ့ Tengen Toppa Gurren Lagann တို့ ပါဝင်ပါတယ်။ အခု ကျွန်တော် အန်နီမီအစီအစဉ် အသစ်အချို့ကို ဆောင်ရွက်နေပါတယ်။ ထို့ကဲ့သို့ လက်ရာများ ရေးဆွဲဖန်တီးခဲ့တဲ့ ကျွန်တော် လက်ရှိအလုပ်ကို လုပ်ကိုင်ဖြစ်ခဲ့တာကတော့ အမှတ်မထင် မရည်ရွယ်ဘဲဖြစ်လာခဲ့ပါတယ်။ ကျောင်းတက်တုန်းကလည်း လုံးဝမတူတဲ့ဘာသာ ရပ်ကို လေ့လာခဲ့တာပါ။ ဒါပေမယ့် ကျောင်းသားဘဝတုန်းက ကိုယ်တိုင်ကြိုက်နှစ်သက်လို့ကျင်းပဖြစ်ခဲ့တဲ့ပွဲတွေနဲ့ ကိုယ်တိုင်ဖန်တီးရေးသားခဲ့တဲ့လုပ်ဆောင်မှုတွေက သတိထားမိတဲ့အချိန်မှာ အလုပ်အ ကိုင်အနေနဲ့ လုပ်နေခဲ့တာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ့်စိတ်အနေနဲ့ပြောရမယ်ဆိုရင် အခုချိန်အထိလည်း အပျော်တမ်းလှုပ်ရှားမှုတွေပဲဖြစ်ပါတယ်။ ဘယ်အချိန်ပဲဖြစ်ဖြစ် အပျော်တမ်းလုပ်ခဲ့တဲ့အချိန်က (ပျော်ရွှင်စရာကောင်းတဲ့အကြောင်းအရာတွေ၊ စိတ်ဝင်စရာကောင်းတဲ့အကြောင်းအရာတွေကို ဦးဆောင်လုပ်ကိုင်ခဲ့တဲ့) အဲ့ဒါလေးတွေကို မမေ့ပစ်ဘဲ အလုပ်လုပ်နေပါ တယ်။

**—— Anime သင်ကြားဖို့လုပ်နေတဲ့ကျောင်းသားတွေကို စကားလေးတစ်ခွန်းလောက် ပြောကြားပေးပါ။**

Anime လက်ရာတွေကို ဖန်တီးတယ်၊ ရေးဆွဲတယ်ဆိုတာက စွမ်းအင်တွေ အရမ်းကို လိုအပ်ပါတယ်။ ဒါ့အပြင် အရင်းအနှီးတွေ စုဆောင်းပြီး ထုတ်လုပ်တယ်ဆို တာက တာဝန်ယူမှုတွေရှိလာပါမယ်။ လက်ရာတွေကို လူတွေကြည့်ကြပြီး ဝေဖန်ကြမယ် ရင်းနှီးထားတွေပြန်ရပြီး အမြတ်တွေရကြမယ်။ အဲ့ဒီအထိစဉ်းစားတာက စီမံကိန်းအနေနဲ့ ပြီးပြည့်စုံတဲ့ပုံစံဖြစ်ပါတယ်။ Anime လက်ရာတွေပဲ ကောင်းကောင်းလုပ်နိုင်ရင် ရပြီဆိုတာကတော့ ကိုယ့်ကိုယ်ကို ကျေနပ်အားရစေမှုမျှသာဖြစ်ပါတယ်။ လက်ရာတွေက က ဝေဖန်မှုတွေရပြီး ပထမဦးဆုံး ပြီးမြောက်သွားမယ်။ ဝေဖန်မှုဆိုတာက ဖန်တီးလိုက် တဲ့လက်ရာသာမကဘူး၊ အပြုအမူတွေက စကားတွေ လူတွေဆီကို ထုတ်ပြန်လိုက်တဲ့ အရာတွေ အားလုံး ပါပါမယ်။ ဒါ့ကြောင့် အားလုံးလည်း ဝေဖန်မှုနဲ့ပတ်သက်ပြီး ရင်ဆိုင် နိုင်တဲ့စိတ်တွေမွေးထားပြီး သင်ယူကြပါ။







ပါမောက္ခနှင့် အင်တာဗျူး

"Hatsune Miku" ၏
Crypton Future Media, Inc.
ကိုယ်စားလှယ် ဒါရိုက်တာ

ပါမောက္ခ

# ဟိရိုရုခိ အီတိုး

## Hiroyuki Itoh 伊藤 博之



"အနာဂတ်ဆီမှ လာသော စဦးဆုံးအသံ" သည် နဂိုမူရင်း ဖြစ်သည် ဟုဆိုသော virtual idol သည် သီချင်းစာသားနှင့် ဂီသသံစဉ်ကို laptop တွင် ထည့်သွင်းသည့်အခါ တုပဖန်တီးသံဖြင့် ဆိုပေးပါသည်။ နိုင်ငံတွင်းသာမက နိုင်ငံရပ်ခြားတွင်လဲ Live Concept များပြုလုပ်ခဲ့ပြီး fan များစွာ၏ နှလုံးကို များစွာ လှုပ်ခတ်စေပါသည်။ ထိုသို့ အကြီးအကျယ်ရေပန်းစားသော အသံတု software "ဟစ္စတ်နဲမိခု" ၏ ဖန်တီးသူ Crypton Future Media, Inc. ကိုယ်စားလှယ် ဒါရိုက်တာ မစ်စတာ အီတိုး ဟိရိုရုခိ သည် KCGI ၏ ပါမောက္ခ အဖြစ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ကွန်ပျူတာနှင့် အသံ၏ဆက်သွယ်ချက်ဖြစ်သည့် software ကို တီထွင်ခဲ့သည် မစ်စတာ အီတိုး သည် အနာဂတ်၏ IT လောကကို ဆက်လက်ရှင်သန်စေမည့် လူငယ်များကို "လက်ရှိတွင် လမ်းတစ်ဝက်သို့ ရောက်နေပြီဖြစ်သော "Information Revolution" ၏ နယ်နိမိတ်သည် အကန့်အသတ်မရှိ ကြီးမားပြီး ကျောင်းသားများ၏ အနာဂတ်လမ်းသည့် အကန့်အသတ်မရှိ ကျယ်ပြန့်ပါသည်။ ၄င်းကို သေချာစွာ နားလည်ပြီး လေ့လာမှုကို အားစိုက်ထုတ်စေချင်ကြောင်း" ဖြင့် စကားပါးပါသည်။ မစ္စတာ အီတိုး သည် အနူးအညွတ် ပန်ကြားပါသည်။

### အသံထုတ်လုပ်မှုတွင် တော်လှန်ပြောင်းလဲခဲ့သော Hatsune Miku ရဲ့ကမ္ဘာ။

လက်ရှိကုမ္ပဏီသည် ဂိမ်းနှင့် Anime ကုမ္ပဏီ မဟုတ်ပါ။ သီချင်းများကို ကိုင်တွယ်သော်လည်း record ကုမ္ပဏီများနှင့် ကွာခြားပါသည်။ ဝါသနာပါသော Computer Music ကို စီးပွားရေး လုပ်ရုံဖြင့် မိမိအနေဖြင့် "sound room" ဟု တွေးနေပါသည်။ "ဟစ္စတ်နဲမိခု" သည် ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် စတင်ရောင်းချခဲ့သော်လည်း ၄င်းသည် creative ဖြစ်သော action ကို ဖန်တီးခွင့် ပေးခဲ့ခြင်းများလား ဟု စဉ်းစားမိပါသည်။နေ့စဉ်ဘဝကို ကြီးမားသော ပြောင်းလဲမှုဖြစ်စေခဲ့သည်။ information revolution မှ ဖြစ်စေသော ပြောင်းလဲမှုသည် အမှန်တွင် ထိုသို့သော အဆင့်တစ်ခုသို့ပင် မရောက်ရှိသေးပါ။ အပေါင်းမှအသစ်သို့ ပြောင်းလဲချိန်လေးမျှသာ ရှိသေးပြီး ယခုမှပင် ပြောင်းလဲမှု အစစ်အမှန်များ စတင်ပါလိမ့်မည်။ နှစ် ၂၀~၃၀ နောက်ပိုင်းတွင် လူနေမှုဘဝ၊ ကမ္ဘာကြီးကို အံ့အားသင့်ဖွယ် ပြောင်းလဲသွားစေပါလိမ့်မည်။ မည်သို့သော ပြောင်းလဲမှု ဖြစ်မည်ကိုကား မမှန်းဆနိုင်သေးပါ။ မည်ကဲ့သို့ ပြောင်းလဲမည်ကို ကျွန်တော်တို့နှင့် နောင်လာနောက်သားများ၏ လက်ထဲတွင်သာ အဓိက တာဝန်ရှိပါသည်။
လူသားမျိုးနွယ်များသည် အတိတ်တွင် ပြောင်းလဲမှုကြီး ၃ခါ တွေ့ကြုံခဲ့သည်ဟု ပြောနိုင်ပါသည်။ နံပါတ် ၁ ပြုပြင်ပြောင်းလဲမှုသည် Agriculture Revolution ဖြစ်သည်။ အမဲလိုက်ခြင်းလုပ်ရန် ပြောင်းရွှေ့မှုကို မတတ်သာပဲ လုပ်လာရသော လူသား မျိုးနွယ်များသည် ၄င်းပြောင်းရွှေ့မှုမှတဆင့် စားစရာများကို စီမံကိန်းဖြင့် ထုတ်လုပ်ပြီး၊ သိုလှောင်နိုင်ရန်အတွက် သီးခြားနေရာများတွင် အခြေချနေထိုင်ခြင်းများ စတင်လာခဲ့ ကြသည်။ ထိုမှတဆင့် လူ့အဖွဲ့အစည်းများသည် နိုင်ငံတည်ထောင်ပြီး တဖက်မှာလဲ ဆင်းရဲချမ်းသာ ကွာခြားမှုလည်း ဖြစ်လာခဲ့သည်။ စီးပွားရေး တိုးတက်လာခြင်းနှင့်အတူ စစ်ကို ဖိတ်ခေါ်သည့် အဓိကအကြောင်းရင်းလဲ ဖြစ်လာသည်ဟု ပြောနိုင်သည်။
နံပါတ် ၂ ပြုပြင်ပြောင်းလဲခြင်းသည် Industrial Revolution ဖြစ်သည်။ အရွေ့စွမ်းအင်ကို တွေ့ရှိလာပြီး တူညီသည့်အရာကို ပိုမိုကောင်းမွန်အောင်ပြုလုပ်သည်ဟု အဓိပ္ပါယ်ရှိသည့် innovation ကို ရှေ့ဆက်လုပ်ဆောင်ခြင်းဖြင့် ပမာဏများများ ထုတ်လုပ်ခြင်း၊ ပမာဏများများစားသုံးခြင်းကို ဖြစ်စေခဲ့သည်။ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ကုန်သွယ်ခြင်းကို တွန်းအားဖြစ်စေပြီး နယ်ပယ်များများကို ကြွယ်ဝခြင်းများ ဖြစ်စေသည်။ တစ်ဖန် ဤ Revolution သည် "လူဦးရေ တိုးပွားခြင်း" ကိုလည်း ဆက်လက်ဖြစ်ပွား စေခဲ့ပါသည်။ Industrial Revolution မဖြစ်ခင်က "များများမွေး များများသေ" ခေတ်တွင် လူဦးရေသည် တသမတ်တည်းနီးပါးဖြစ်ပြီး လူ့အဖွဲ့အစည်းသည် ဆင်းရဲချမ်းသာ ကွာဟချက် နည်းသော်လည်း industrial revolution ဖြစ်စေရန် လူဦးရေတိုးပွားမှုသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။
ထို့အပြင် နံပါတ် ၃ ခုမြောက် ပြောင်းလဲမှုသည် internet ကို ကိုယ်စားပြုသော IT ၏ စစ်မှန်သော တန်ဖိုးကိုဆောင်သည့် Information Revolution ဖြစ်သည်။ Internet မတိုင်ခင်က သတင်းပို့သူသည် အကန့်အသတ်ဖြင့် နည်းပါးပြီး ချုပ်ကိုင် ထားခဲ့သည်။ သတင်းပို့သူဆိုသည်မှာ သတင်းစာပို့သမား၊ တီဗီရေဒီယို၊ ပုံနှိပ်ထုတ်ဝေသူ စသည့် media များသာ ရှိခဲ့သော်လဲ ၄င်းတို့သည် သတင်းအချက်အလက် ပေးပို့တိုင်း စက်ပစ္စည်းသော်လည်းကောင်း လူအင်အားသော်လည်းကောင်း ကုန်ကျစရိတ် ကြီးမား ပေသည်။ ထို့အပြင် ထိုစဉ်က သတင်းအချက်အလက် ပမာဏလဲ နည်းပါးခဲ့ပြီး တစ်လမ်းသွားသာ ဖြစ်ခဲ့သည်။ သို့သော် internet ဆက်သွယ်မှု ရရှိမှုမှတဆင့် ပြောင်းလဲမှုဖြစ်ခဲ့သည်။ သတင်းပေးပို့မှုတွင် ကြီးမားသော အပြောင်းအလဲ ဖြစ်ခဲ့ပါသည်။
လက်ရှိတွင် internet tools များသည် မိမိနှင့် နီးကပ်လွန်းသောကြောင့် လွယ်လင့်တကူပင် စားပွဲပေါ်သော်လည်းကောင်း၊ အိတ်ကပ်ထဲမှာသော်လည်းကောင်း ထည့်ထားနိုင်ပါသည်။ သတင်းနှင့် ရုပ်ပုံ၊ သီချင်းများကဲ့သို့ digital ပြောင်း သတင်းအချက်အလက်များသည် internet မှ တဆင့် လွယ်ကူစွာ ပေးပို့ခြင်းနှင့် သိမ်းဆည်းထားနိုင်သည်။ မိမိကြိုက်နှစ်သက်သော ရုပ်ရှင်နှင့် ထုတ်လွှင့်သည့် မီဒီယာများကို လျှပ်တပြက်အတွင်း ဖမ်းယူ ကြည့်ရှုနိုင်ခြင်းစသည်ဖြင့် နေ့စဉ်ဘဝနှင့် လုပ်ငန်းခွင်တွင် လွန်စွာ အသုံးဝင်ပြီး အဆင်ပြေလှပါသည်။ တဖန် ထို သတင်းအချက်အလက်များသည် မိမိ၏အကြောင်း သတင်းကောင်းလဲ ပါနိုင်ပြီး၊ Facebook ကဲ့သို့၊ Twitter, Blog ကဲ့သို့ စာမျက်နှာများမှတဆင့် မည်သူမဆို မိမိအကြောင်းကို လွယ်လင့်တကူ အချိန်တိုအတွင်း ကမ္ဘာကြီးကို ပေးပို့နိုင်လာခဲ့ပါသည်။
သို့သော်လည်း ထို information revolution ကြောင့် ဖြစ်သော ပြောင်းလဲမှုကြီးသည် နိဒါန်းမျှသာ ရှိသေးသည်ဟု ထင်ပါသည်။ Agricultural Revolution, Industrial Revolution များသည် လူသားမျိုးနွယ်များ၏ နေ့စဉ်ဘဝကို ကြီးမားသော ပြောင်းလဲမှုဖြစ်စေခဲ့သည်။ information revolution မှ ဖြစ်စေသော ပြောင်းလဲမှုသည် အမှန်တွင် ထို့သို့သော အဆင့်တစ်ခုသို့ပင် မရောက်ရှိသေးပါ။ အဟောင်းမှအသစ်သို့ ပြောင်းလဲချိန်လေးမျှသာ ရှိသေးပြီး ယခုမှပင် ပြောင်းလဲမှု အစစ်အမှန်များ စတင်ပါလိမ့်မည်။ နှစ် ၂၀~၃၀ နောက်ပိုင်းတွင် လူနေမှုဘဝ၊ ကမ္ဘာကြီးကို အံ့အားသင့်ဖွယ် ပြောင်းလဲသွားစေပါလိမ့်မည်။ မည်သို့သော ပြောင်းလဲမှု ဖြစ်မည်ကိုကား မမှန်းဆနိုင်သေးပါ။ မည်ကဲ့သို့ ပြောင်းလဲမည်ကို ကျွန်တော်တို့နှင့် နောင်လာနောက်သားများ၏ လက်ထဲတွင်သာ အဓိက တာဝန်ရှိပါသည်။



Hatsune Miku
သရုပ်ဖော်ပုံ : KEI
©Crypton Future Media, INC.

ပါမောက္ခ ニッツァ・メラス

# နစ်ဇာ မေးလက်စ်

## Nitza Melas



### ဆာကေဒူဆလေး - အဓိကအဆိုရှင်၊ တေးဆို/တေးရေး

သူမကို ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင်မွေးဖွားပြီး ဘာသာစကားပေါင်းစုံနှင့် တေးဆို/တေးရေးဖြစ်ကာ ကမ္ဘာတစ်လွှား ပရိတ်သတ်များစွာရှိသည်။ သူမသည် ဆာကေဒူဆလေး၏ အဓိကအဆိုရှင်သုံးဦးအနက် တစ်ဦးဖြစ်သည်။ ဆာကေဒူဆလေးမှာ ကမ္ဘာတစ်လွှား ဆပ်ကပ်၊ ဂီတကို ပေါင်းစပ်ဖျော်ဖြေသော ဖျော်ဖြေရေး အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ သူမသည် ကိုယ်တိုင်ရေးစပ်ထားသော သီချင်းတစ်ပုဒ်ကို ဆာကေဒူဆလေးအဖွဲ့၌ သီဆိုနေသည့် တဦးတည်းသောအဆိုတော်ဖြစ်သဖြင့် အဖွဲ့၏ခေါင်းဆောင်အဆို ရှင်သဖွယ်ဖြစ်သည်။ မည်သည့်ဂီတအမျိုးအစား ခေါင်းစဉ်အောက်တွင်မျှ သူမ မပါဝင်ဘဲ သူမသည် ကိုယ်ပိုင်ဂီတကို ဖန်တီးသည်သာမက ဂရပ်ဖစ်ဒီဇိုင်း၊ အရောင်း မြှင့်တင်ခြင်းတို့ကို သူမကိုယ်တိုင် ဆောင်ရွက်သည်။

### ဖျော်ဖြေရေးအသစ်နှင့် ကမ္ဘာ

အနုပညာနဲ့ IT ဟာ တရင်းတနှီးချိတ်ဆက်နေသည်။ ဖန်တီးမှုအမြင်နဲ့ ဆန်းသစ်တဲ့ နည်းပညာတို့ တွေ့ဆုံတဲ့အခါ ပရိတ်သတ်ဟာ နောက်ထပ် ဒိုင်မန်းရှင်း အမြင်တစ်ခုစီ ဆွဲဆောင်ခံလိုက်ရတယ်။ ဒါကြောင့် ကျွန်မဟာ အဆင့်မြင့်နည်းပညာ မှာ ထိပ်တန်းရောက်နေရုံမက ကွန်ပျူတာရဲ့ကျယ်ဝန်းတဲ့ ပညာရပ်နယ်ပယ်တွေမှာ ကျောင်းသားတွေအတွက် လေ့လာခွင့်လည်းပေးတဲ့ ပညာရေးအဖွဲ့အစည်းတစ်ခုမှာ လုပ်ကိုင်မိနေတာ မဆန်းပါဘူး။ ဒီပညာရေးအဖွဲ့အစည်းဟာ တီထွင်ဖန်တီးမှုတွေကို အံ့အား သင့်စဖွယ်နှုန်းနဲ့ တိုးတက်ဖြစ်ထွန်းစေလျက်ရှိတယ်။
ဖျော်ဖြေရေးလောကမယ် IT နည်းပညာဟာ ကျွန်မတို့ လုပ်ငန်းကဏ္ဍအားလုံးထဲ စိမ့်ဝင်ပျံ့နှံ့လျက်ရှိပါတယ်။ ကွန်ပျူတာသုံးပြီး တေးဂီတကို အသံဖမ်းလို့ တည်းဖြတ်မလား၊ ရုပ်ရှင်အသံထည့်မလား၊ ကြော်ငြာတည်းဖြတ်မလား၊ ဒါမှမဟုတ် သင်တန်းအမျိုးမျိုး ပေးမလား။ ဆာကေဒူဆလေးရဲ့ မာလတီမီဒီယာ၊ အထူး အဆင့်မြင့်နည်းပညာနဲ့ အနုပညာရှင်၊ နည်းပညာရှင်တွေရဲ့ စိတ်အားထက်သန်စွာ ဖန်တီးမှုတွေကို ကျွန်မပေးနေတဲ့ ဖျော်ဖြေတင်ဆက်မှုအားလုံးမှာ လိုအပ်နေပါတယ်။
အနုပညာနဲ့ နည်းပညာအကြား ပူးပေါင်းဆောင်ရွက်မှုဟာ ဗီဒီယိုနဲ့ အော်ဒီယို ဖျော်ဖြေတင်ဆက်မှုတွေ ထုတ်လုပ်ဖို့ လိုအပ်တဲ့ ပေါင်းစည်းမှု အစိတ်အပိုင်းဖြစ်ပါတယ်။ KCGI အနေနဲ့ ကျောင်းသားတွေ အတွက် လက်တွေ့ လုပ်ငန်းခွင် လောကရှိ ကဏ္ဍအများအပြားမှာ အသုံးချဖို့ လိုအပ်တဲ့ အနုပညာနဲ့ နည်းပညာကျွမ်းကျင်မှုတွေ တိုးတက်စေမယ့် ကိရိယာတွေ ရရှိစေရေး အခွင့်အလမ်းကို ပေးအပ်ထားတယ်။
အနုပညာထုတ်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်လာတဲ့ စံထားလောက်စဖွယ် နည်းပညာဖြစ်တဲ့ Projection mapping ကြောင့် အနုပညာဆက်နွယ်တဲ့ သတင်းအချက်အလက် နည်းပညာ ကျွမ်းကျင်သူ အများအပြား လိုအပ်လာခဲ့ပြီး ပရိတ်သတ် အတွက် မျှော်လင့်ထားတာထက် ကျော်လွန်တဲ့ ဖန်တီး ဖော်ထုတ်နိုင်စွမ်းကို ရရှိစေခဲ့တယ်။ KCGI ဟာ ဒီ နယ်ပယ်မှာ ရှေ့တန်းက လေ့လာနေတဲ့ ကျောင်း ဖြစ်ပြီး ကျောင်းသားတွေအတွက် မိမိတို့ အလားအလာထက် ကျော်လွန်အောင်မြင်အောင် တွန်းပို့ပေးနိုင်တဲ့ ပညာရေး ပတ်ဝန်းကျင်ကို ပေးအပ်ထားပါတယ်။





KCG Group တည်ထောင်ခြင်း နှစ် ၅၀ ပြည့်တွင် ပါမောက္ခ နစ်ဇာမယ်လက်စ်က CD 'MUΣA' ကို ဂီတဖျော်ဖြေပွဲ၌ ကြော်ငြာမည်ဖြစ်သည်။





ပါမောက္ခ 高 弘昇

# ကို ဟောင် ဆွန်း

## Ko, Hong Seung



### သတင်းအချက်နည်းဗျူဟာ မန်နေဂျာဟောင်း (CIO)၊ နည်းဗျူဟာ စီမံရေးရုံး၊ Samsung Electronics Co. Ltd.

### ကိုယ်စားလှယ်ဒါရိုက်တာ၊ Nippon Applied Informatics Society (NAIS)

ပါမောက္ခဟောင်ဆွန်ကို ကို တောင်ကိုရီးယားတွင် မွေးဖွားခဲ့ပြီး ယခင်က တောင်ကိုရီးယား၏ လျှပ်စစ်ပစ္စည်းနှင့် အီလက်ထရောနစ် အစိတ်အပိုင်းများ ထုတ်လုပ်သော ကုမ္ပဏီကြီးဖြစ်သည့် Samsung Electronics ၌ အင်တာနက် အခြေပြုကုမ္ပဏီ မဟာဗျူဟာ၊ CALS (အဓိကအားဖြင့် B2B အယူအဆအခြေပြု) နှင့် အထွေထွေစားသုံးသူများအတွက် e-comerce တို့ကို အသက်သွင်းခဲ့သော သတင်း အချက်အလက်နည်းဗျူဟာ မန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့သည်။ အဆိုပါ ကုမ္ပဏီကြီး၏ သတင်းအချက်အလက်နည်းပညာလုပ်သားစု တိုးတက်မှုနှင့် အမြတ်အစွန်းရရှိမှုတို့အတွက်လည်း အဓိကကူညီပေးခဲ့သည်။
အလွန်အမင်းပြောင်းလဲလာနေသော e-business လောကတွင် လိုအပ်မည့်လူသား ပါရမီအရည်အသွေးအကြောင်း ပါမောက္ခဟောင်က အကျယ်တဝန့် ပြောကြားခဲ့ သည်။

### e-Business တွင် မဟာဗျူဟာတစ်ခု လိုအပ်သည်

**—e-Business လောကသည် အလွန်လျင်မြန်စွာ ပြောင်းလဲနေပုံရသည်။ မိမိလုပ်ငန်းသည် အင်တာနက်ပျံ့နှံ့မှုနှင့်အတူ ပြောင်းလဲခဲ့ပြီလား။**

သတင်းအချက်နည်းဗျူဟာဌာနမှာ ကျွန်တော်မန်နေဂျာဖြစ်လာပြီး သိပ်မကြာမီ ၁၉၉၅ ဝန်းကျင်နှစ်တွေမှာ Samsung က ပြည်တွင်းပြည်ပ ဖောက်သည်တွေ အတွက် သူတို့ရဲ့ဝဘ်ဆိုဒ်ကို လွှင့်တင်ခဲ့တယ်။ အဲဒီအချိန်တုန်းက အင်တာနက်ဟာ အားကြီးတဲ့ ဈေးကွက်တင်ကိရိယာလို့ ဘယ်သူမှ ထင်မထားကြဘူး။ ကုမ္ပဏီ အမှတ်တံဆိပ်ကို အသိအမှတ်ပြုမှု တိုးတက်လာအောင် လုပ်ဖို့နည်းလမ်းတစ်ခု လောက်သာထင်ခဲ့ကြတာ။ ဒါပေမဲ့ ဝဘ်ဆိုဒ်ကို ကျွန်တော်တို့ လုပ်လိုက်တော့ ကမ္ဘာတစ်လွှားကနေ ဆမ်ဆောင်းထုတ်ကုန်အကြောင်း၊ အဆင်မပြေတဲ့အကြောင်း စသဖြင့် အီးမေးလ်ပေါင်း တစ်နေ့ကို အစောင် ၂၀၀ လောက်ရတယ်။ အဲဒီမှာ ဝဘ်ဆိုဒ်ကို ဈေးကွက်တင်ကိရိယာအဖြစ် သုံးကောင်းသုံးနိုင်တယ်လို့ ကျွန်တော် ခံစားမိလာခဲ့ပါတယ်။
အဲဒီနောက်ပိုင်း ကြိုတင်လက်မှတ်ဝယ်တာ၊ စတော့ရှယ်ယာ ရောင်းဝယ်တာလိုမျိုး အင်တာနက်သုံးတဲ့ လုပ်ငန်းတွေ ကြီးထွားလာတယ်။ ဒါပေမဲ့ အင်တာနက်ပေါ်မှာ သုံးဖို့ စနစ်တစ်ခုရေးဆွဲ လွှင့်တင်လိုက်ရုံနဲ့ အရောင်းက ကြီးကြီးမားမားတက်လာ တာ ကျွန်တော်တို့ မတွေ့ရဘူး။ အင်တာနက်သုံးလိုက်ရင်တော့ ငါတို့လုပ်ငန်းတွေ အဆင်ပြေမှာပဲလို့ လူတွေထင်ခဲ့တဲ့ တောင်ကိုရီးယားမှာ ကျရှုံးသွားတဲ့ IT ရေပန်းစား ကာလရှိခဲ့တယ်။ အင်တာနက် ဈေးဝယ်မောကြီး တည်ထောင်၊ ပစ္စည်းတွေတင်၊ တစ်ကမ္ဘာလုံးက ဖောက်သည်တွေ လက်ခံလိုက်ရင် စီးပွားရေးလုပ်လို့ပြီလို့ သူတို့ ထင်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအင်တာနက် ဈေးဝယ်မောလ်တွေ အကုန်နီးပါး နောက် နှစ်အနည်းငယ်အတွင်း အင်တာနက်ပေါ်ကနေ ပျောက်ကွယ်သွားကြပါတယ်။
နောက်ဆုံးမှာတော့ ကျွန်တော်တို့ သတိမပြုမိတဲ့အချက်က အင်တာနက်ဆိုတာ ကိရိယာတစ်ခုတည်းမျှသာဆိုတဲ့ အချက်ပဲဆိုတာ တွေ့ရတယ်။ ပြီးတော့ မဟာဗျူဟာမရှိတာလဲ ဖြစ်နိုင်တယ်။ အင်တာနက်ပေါ်မှာ ခင်ဗျားပစ္စည်း ဘယ်လောက်များများ တင်ထား၊ တင်ထား၊ သူတို့ဟာ စခရင်တစ်ခုပေါ်မှာပဲ ပေါ်နေတာပါ။ အရောင်းအဝယ်အတော်များများမှာ ဖောက်သည်တွေဟာ ပစ္စည်းတွေကို သူတို့လက်နဲ့ကိုင်ကြည့်၊ စစ်ကြည့်ပြီးမှ ဝယ်တတ်ကြတာကြောင့်လဲ ဖြစ်ပါတယ်။

### နောက်ကျကျန်ရစ်သည့် ဂျပန်ကုမ္ပဏီများနှင့် လူသားရင်းမြစ်မရှိခြင်း

**—အခုလို အလွန်ကြီးမားတဲ့ အပြောင်းအလဲတွေကြားထဲမှာ လက်ရှိကမ္ဘာ့စီးပွားရေး ပတ်ဝန်းကျင်ကို ခင်ဗျားဘယ်လိုမြင်သလဲ။**

ကံမကောင်းတာက နိုင်ငံတွေအနက် ဂျပန်နဲ့ တောင်ကိုရီးယားရဲ့ လက်ရှိအခြေအနေက ကုမ္ပဏီတွေရဲ့အရောင်းကို မြှင့်တင်ပေးမဲ့ ဗျူဟာတွေ အသက်သွင်းဖို့ လူသားရင်းမြစ်မရှိတဲ့အချက်ပဲ။ ထို့အတူ ကုမ္ပဏီတွေဟာ IT အခြေခံအဆောက်အအုံ ကြိုတင်ပြင်ဆင်ရေးမှာ အကြီးအကျယ်ရင်းနှီးမြှုပ်နှံ နေကြတဲ့အခါ ဒီအခြေအနေက သူတို့အတွက် အဆုံးမဲ့ပြဿနာတွေဖြစ် ပေါ်နေစေတယ်။
ကုမ္ပဏီတွေလိုအပ်နေတာကို ရှင်းရှင်းလေးပြောရရင် e-business မဟာဗျူဟာ ရေးဆွဲမဲ့ လူသားရင်းမြစ် လိုအပ်နေတာပါ။ အဓိကအားဖြင့် ဈေးကွက်တင်ဖို့နဲ့ စီမံခန့်ခွဲဖို့အတွက် IT ရင်းမြစ်တွေ အသုံးချနိုင်စွမ်း သူတို့လိုအပ်နေတယ်။
ဂျပန်နဲ့တောင်ကိုရီးယား ကုမ္ပဏီဝန်ထမ်းတွေထဲမှာ ဈေးကွက်ပညာသိရှိမှု အလွန်နည်းတယ်လို့ ယေဘုယျအားဖြင့် ထင်ထားတယ်။ အကြောင်းကတော့ လစာနဲ့ပတ်သက်လို့ သူတို့အခြေခံစဉ်းစားချက်က အမြတ်ခွဲတမ်းအညီအမျှရဖို့ပဲ။ အဲဒီခွဲတမ်းကို နိစ္စဓူဝအလုပ်လုပ်ရင်းနဲ့ ဒီလစာကို သူတို့ရကြတယ်ပေါ့။
ဒါပေမဲ့ အမေရိကန်မှာတော့ ဒါမျိုးမဟုတ်ဘူး။ လုပ်အားပမာဏနဲ့ အဲဒီအလုပ်ဟာ ကုမ္ပဏီအပေါ် ဘယ်လောက်အကျိုးပြုသလဲဆိုတာကို အမြဲဖိအားကြီးကြီးမားမား ပေးနေတယ်။ အမေရိကန်ကုမ္ပဏီတွေမှာဆို ဈေးကွက်တင်ဌာနဆိုတာ သီးခြားမရှိ ဘူး။ ဝန်ထမ်းအားလုံးမှာ ဒီအတွေးအခေါ် အယူအဆတွေရှိပြီးသား။ အဲဒီတော့ ဈေးကွက်ဌာနဆိုတာ သီးသန့်မလိုအပ်ဘူး။ စီးပွားရေးက အဆိုးဘက်ကို ပြောင်း သွားရင်တောင် အမေရိကန်ကုမ္ပဏီတွေက သူတို့ အမြတ်အစွန်းရနိုင်စွမ်းကို ဘယ်လို တိုးတက်အောင် လုပ်ရမလဲလို့ အမြဲတွေးနေတဲ့ စိတ်ထားရှိတယ်။ ဒါကြောင့်လဲ သူတို့ဟာ အရှေ့ကိုတိုးတက်ဖို့ အလားအလာတွေ အမြဲရှိနေတာပေါ့။ ဒါကြောင့်လဲ ဂျပန်နဲ့တောင်ကိုရီးယားကုမ္ပဏီတွေအနေနဲ့ အမေရိကန်တွေနဲ့ယှဉ်ဖို့ ခက်ခဲတာ။ ဂျပန်နဲ့တောင်ကိုရီးယားမှာ ကုမ္ပဏီအကြီးကြီးတွေအပါအဝင် အတော် များများဟာ အရောင်းဌာန၊ ကြော်ငြာဌာနနဲ့ ဘရန်းတံဆိပ်ဌာနတွေကို ဈေးကွက်တင်တဲ့ဌာနလို့ မှားယွင်းနေကြတယ်။ ဒါကြောင့်လဲ အင်တာနက်ကို စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုတဲ့အခါ အမေရိကန်တွေပဲ IT ကုမ္ပဏီအနေနဲ့ အောင်မြင်နေကြတာ ဖြစ်ပါတယ်။ ဂျပန်နဲ့တောင်ကိုရီးယားနိုင်ငံတွေမှာ ဒီလိုအောင်မြင်မှုအတွက် ချီးကျူးခံရတဲ့ ပြည်တွင်းကုမ္ပဏီတွေ ရှိတယ်။ ဒါပေမဲ့သူတို့က အခြေခံအဆောက်အအုံ တိုးတက်မှုကြောင့်ဖြစ်လာတဲ့ e-business လှိုင်းလုံးကို စီးမိရုံဖြစ်လို့ ငွေကြေးကို ဂိမ်းကစားတဲ့ပုံစံ ဈေးကစားမှုနဲ့ အောင်မြင်လာခဲ့ကြတာဖြစ်ပါတယ်။ စကားမစပ် e-business လုပ်ငန်းမှာ အောင်မြင်တဲ့ ဥရောပကုမ္ပဏီတစ်ခုမှ မရှိဘူး။ အဲဒါ ဘာကြောင့်လဲဆိုတော့ အင်တာနက်ပျံ့နှံ့မှု အကြီးအကျယ်နှေးကွေးခဲ့လို့ ဖြစ်ပါတယ်။

### အာရှကိုလွှမ်းမိုးမည့် အထူးပြုဘွဲ့လွန် ကျောင်းတစ်ခုဖြစ်ထွန်းရေး

**—ဒီစီးပွားရေးလုပ်ငန်းဝန်းကျင်မှာ ဘယ်လိုလုပ်ဆောင်ချက်တွေကို KCGI က ရွေးချယ်သင့်သလဲ။ ဘာကိုကျွန်တော်တို့ ရည်ရွယ်သင့်သလဲ။**

IT အထူးပြုတဲ့ ဘွဲ့လွန်ကျောင်းအများအပြား မရှိပါဘူး။ Kyoto Computer Gakuin ဆိုတာ KCGI ရဲ့ မျိုးဆက်ပါ။ ဒါကျွန်တော်တို့ရဲ့ အကြီးမားဆုံး အကျိုးကျေးဇူးဖြစ်ပါ တယ်။
ဒါ့အပြင် KCGI မှာ အထူးကျွမ်းကျင်မှု၊ အသိပညာတွေရှိတဲ့ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်မျိုးစုံရှိနေပြီး သူတို့ဟာ အဓိကကုမ္ပဏီကြီးတွေမှာ အလုပ်လုပ်ဖူးကြတယ်။
ကျွန်တော့်လက်ချာတွေထဲမှာ ကျွန်တော့်အောင်မြင်မှုတွေသာမက ကျရှုံးမှုတွေကိုပါ ကျွန်တော်ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျရှုံးမှုတွေဟာ အောင်မြင်မှုတွေ ထက်ပိုပြီး သင်ကြားပေးနိုင်စွမ်း ရှိလို့ပါ။ ဒီနည်းနဲ့ ဒီခေတ်ကြီးမှာ တကယ်ကို လိုအပ်နေတဲ့ လူသားအရည်အသွေးကို ကျွန်တော်လေ့ကျင့်ပေးတယ်။
တခြားနိုင်ငံတွေက တက္ကသိုလ်တွေနဲ့ ကျွန်တော်တို့ရဲ့ ပညာရေးကွန်ယက်ကလည်း တစ်နှစ်ပြီးတစ်နှစ် ပိုမိုကြီးမားကျယ်ပြန့်လာတယ်။ နယ်ပယ်ဟာ ဂျပန်တစ်နိုင်ငံထဲ မဟုတ်တော့ပါဘူး။ ကျွန်တော့်အနေနဲ့ KCGI ဟာ အာရှတိုက်နဲ့ ကမ္ဘာ့စင်မြင့်ပေါ်မှာ စွမ်းရည်ရှိတဲ့ လူသားရင်းမြစ်တွေ လေ့ကျင့်ပေးနိုင်တဲ့ အထူးပြု ဘွဲ့လွန် ကျောင်းတစ်ခုဖြစ်လာစေချင်မိပါတယ်။

# ကျောင်းသားများ၏ မြို့ ကျိုတို

မြို့တည်ထောင်ပြီး ၁၂၀၀နှစ်ကျော်ကြာသည့်သမိုင်းကြောင်းကိုပိုင်ဆိုင်ထားသည့်ကျိုတို မြို့သည် ရှေးယခင်ကတည်းက ဂျပန်နိုင်ငံယဉ်ကျေးမှု၏အဓိကနေရာ၊ နိုင်ငံတကာမြို့ တော်ဖြစ်ပြီး ယခုခေတ်တွင် လူငယ်ကျောင်းသားအများစုနေထိုင်သည့်မြို့တော်ဖြစ်ပါ သည်။ KCG ၏ ကျောင်းပရဝုဏ်တိုင်းသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်နေရာများ ဖြစ်ပြီး ကျိုတိုမြို့၏နေရာတိုင်းတွင်သာမက အိုအိုဆာက၊ နရနှင့် အိုဆုမြို့ စသည့် ဂျပန်အနောက်ပိုင်းနေရာတိုင်းသို့လွယ်ကူစွာသွားလာဆက်သွယ်နိုင်ပါသည်။



## KCGI ဟိုင်အာကူမန်ဘန် ကျောင်းပရဝဏ် ပတ်ဝန်းကျင်ဇရိယာ၊ ကျိုတိုပင်မကျောင်း

မုရောမချိယဉ်ကျေးမှု၏ လက်ရာဘုရားကျောင်းဖြစ်သည့် ဂင်းကခုဂျိဘုရားကျောင်း၊ ကျိုတို မြို့ ပွဲတော်အကြီးစား၃ခုထဲမှ၁ခုဖြစ်သည့် ဂိုဒိုင်းပွဲတော်နှင့်ဆက်စပ်သည့် ဟေးအန်း ဂျင်းဂူး ဘုရားကျောင်း၊ ဆာကူရာပင်များစီတန်းလျက်ရှိသည့် တဲဆုဂခုနော့မိချိ၊ ဂျပန်နိုင်ငံ တွင် ဒုတိယမြောက်အဟောင်းဆုံးတိရိစ္ဆာန်ဉယျာဉ်၊ ကျိုတိုမြို့တိရိစ္ဆာန်ဉယျာဉ်၊ ကျိုတိုမြို့ ယဉ်ကျေးမှု ပြတိုက်စသည့် အထင်ကရနေရာများစွာတည်ရှိပြီး ကျိုတိုမြို့၏ အမျိုးမျိုးသော သမိုင်းနှင့် ယဉ်ကျေးမှုများကို ထိတွေ့ခံစားနိုင်သည့်နေရာ

နေရာများ

| | |
|---|---|
| ဂင်းကခုဂျိ ဘုရားကျောင်း | ကျိုတိုမြို့တိရိစ္ဆာန်ဉယျာဉ် |
| တဲဆုဂခုနော့မိချိ | ဟေးအန်း ဂျင်းဂူး |
| နန်းဇဲန်းဂျိဘုရားကျောင်း | အန်းခန်းဒိုး |
| Kyot City KYOCERA အနုပညာပြတိုက် | ချိအွန်းဂျိဘုရားကျောင်း |
| | ခေတ်မီအမျိုးသားယဉ်ကျေးမှုပြတိုက် |





## KCGI ကျိုတိုအဲခိမအဲဂြိုလ်တု အနီးအနားပတ်ဝန်းကျင်

JR, Kintentsu နှင့် မြေအောက်ရထားများ စီးနင်းနိုင်သည့် ကျိုတိုဘူတာသည် တစ်နိုင်ငံလုံးမှ လူများကျိုတိုမြို့ကိုလည်ပတ်ရန်လာသည့်ဝင်ပေါက်ဖြစ်ပါသည်။ အနီးအ နားတွင် ခေတ်မီသောအဆောက်အဦးများနှင့် သမိုင်းဆန်သည့်အဆောက်အဦးများ ယှဉ် တွဲတည်ရှိလျက်ရှိနေပြီး ခြားနားနေသည့်ပတ်ဝန်းကျင်နှစ်ခုကိုခံစားနိုင်သည့်နေရာဖြစ်ပါ သည်။

နေရာများ

| | |
|---|---|
| ဟီဂရှိဘုရားကျောင်း | စန်းဂျိစန်းဂန်းဒိုး |
| နီရှိဟွန်းဂဝန်ဂျိ ဘုရားကျောင်း | ကျိုတိုအမျိုးသားပြတိုက် |
| ဟီဂရှိ ဟွန်းဂန်းဂျိဘုရားကျောင်း | ကျိုတိုဘူတာအဆောက်အဦး |
| တိုဖုခုဂျိ ဘုရားကျောင်း | ကျိုတို အဏ္ဏဂါပြတိုက် |
| ကျိုတိုတာဝါ | |



## KCG ရခုဟုခုကျောင်းပရဝုဏ် အနီးဝန်းကျင်

မြေအောက်ရထား ခိတဒိုင်းလမ်းကြောင်းဘူတာနှင့် ဘတ်စ်ကားမှတ်တိုင်မှ ရခုဟိုခုဝန်း ကျင်၊ ကျိုတိုဗဟိုဝန်းကျင်နှင့် ကျိုတိုဘူတာဖက်ဆီသို့ ဆက်သွယ်သွားလာရန် အဆင်ပြေ ပါသည်။ ခေတ်မီအဆောက်အဦးများ စီတန်းတည်ရှိလျက်ရှိသည့် ခတယမလမ်းအနီးပတ် ဝန်းကျင်တွင်တော့ အအိုအိပွဲတော်နှင့်ဆက်စပ်သည့် ခမိဂမိုဘုရားကျောင်းရှိပြီး ရက္ခဗေဒဉ ယျာဉ်နှင့် မိဇိုရိုဂကန်၊ ခမိုမြစ်တွင် သဘာဝကိုခံစားနိုင်သည့်နေရာ

နေရာများ

| | |
|---|---|
| ခမိဂမိုဘုရားကျောင်း | တိုကျိုခရိုင်ပိုင် ရက္ခဗေဒဉယျာဉ် |
| မိဇိုရိုဂရေကန် | ခိတယမလမ်း |

## KCG ခမိုဂဂကျောင်း အနီးအနားပတ်ဝန်းကျင်

ကျိုတိုမြို့၏အကြီးဆုံးပွဲတော် ၃ခုထဲမှတစ်ခုဖြစ်သည့် အအိုအိပွဲတော်နှင့်ဆိုင်သည့် ရှိမိုခဝ ဘုရားကျောင်းနှင့် ကျိုတိုနန်းတော်စသည်တို့နှင့် နီးကပ်လျက်ရှိပြီး မြို့တွင်းဖြစ်သော်လည်း သဘာဝဆန်သည့်ပတ်ဝန်းကျင်။

နေရာများ

| | |
|---|---|
| ရှိမိုခဝဘုရားကျောင်း | တဒဆုနော့မိုရိ |
| ကျိုတိုနန်းတော် | ကျိုတိုမြို့သမိုင်းပြတိုက် |





